# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး
# အဌမနေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး အဌမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ အဌမနေ့ အစီအစဉ်များကို စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးအဌမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၆.၃၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ်အမျိုးသားလွှတ်တော်နဝမပုံမှန် အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါ့မယ်။

ဦးဂမ်ဆိုင်း၊ ကချင်(၂)၊ ကိုယ်ရေးကိုယ်တာ။ ဦးခင်မောင်ဌေး၊ မန္တလေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ မိခင်ကျန်းမာရေး။ ဦးစောသန်းထွန်း၊ ကရင်(၄)၊ မြို့နယ်ဖွံ့ဖြိုးရေး။ ဦးတင်မောင်မြင့်၊ တနင်္သာရီ(၃)၊ ကျန်းမာရေး။ ဦးစံပြည့်၊ ကချင်(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ဒေသဖွံ့ဖြိုးရေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၀)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၁)ဦး၊ ယနေ့ခွင့်ပန်ကြား

သဖြင့် ခွင့်ပြုထားသူ (၉)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၃၀)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်း ဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## အမဲ၊ ဆိတ်၊ ဝက်စသော သားသတ်လိုင်စင်တွင် မပါဝင်သည့် ကြက်သတ်လုပ်ငန်းသည် မြို့နယ်တိုင်းတွင်ရှိပြီး တရားဝင်ကြပ်မတ်ထိန်းသိမ်းနိုင်ရန် ဥပဒေပြဋ္ဌာန်းချက် တစ်စုံတစ်ရာမရှိသဖြင့် စနစ်တကျကြီးကြပ်နိုင်ရန်နှင့် ရသင့်ရထိုက်သော အခွန်များ ရရှိနိုင်စေရန် ပြည်ထောင်စုအစိုးရမှ ဆောင်ရွက်ပေးမည့် အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ က အမဲ၊ ဆိတ်၊ ဝက် စသော သားသတ်လိုင်စင်တွင် မပါဝင်သည့် ကြက်သတ်လုပ်ငန်းသည် မြို့နယ်တိုင်းတွင်ရှိပြီး တရားဝင်ကြပ်မတ်ထိန်းသိမ်းနိုင်ရန် ဥပဒေပြဋ္ဌာန်းချက် တစ်စုံတစ်ရာမရှိသဖြင့် စနစ်တကျကြီးကြပ်နိုင်ရန်နှင့် ရသင့်ရထိုက်သော အခွန်များရရှိနိုင်စေရန် ပြည်ထောင်စုအစိုးရမှ ဆောင်ရွက်ပေးမယ့် အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ အနေနဲ့ ဥက္ကဋ္ဌကြီး ဖတ်ကြားသွားတဲ့အတိုင်း အမဲ၊ ဆိတ်၊ ဝက် လိုင်စင်မှာ မပါတဲ့ ကြက် သတ်လုပ်ငန်းနဲ့ ပတ်သက်လို့ တင်ပြမှာ ဖြစ်ပါတယ်။

မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းမှာ အခွန်ဆောင်တဲ့ ကိစ္စတွေထဲမှာ သားသတ်လိုင်စင်ခွန် ပါ ပါတယ်။ သားသတ်လိုင်စင်ခွန် လို့ ပြောလိုက်ရင် အသားထုတ်တာဖြစ်တဲ့ အတွက်ကြောင့် အမဲ၊ ဝက်၊ ဆိတ် စတဲ့ ခြေလေးချောင်း သတ္တဝါတွေကို အဓိက ဖြစ်ပါတယ်။ ဒါတွေက အခွန်လည်း ဆောင်ရပါတယ်။ လိုင်စင်လည်း လျှောက်ရပါတယ်။ အချို့ဆို လေလံလျှောက်ရတယ်။ လေလံပြိုင်ရပါတယ်။ လေလံ ပြိုင်ရင်းပြိုင်ရင်းနဲ့ သိပ်ဈေးမြင့်သွားတာလည်း ကျွန်တော် ကြုံဖူးပါတယ်။ ဘာပဲဖြစ်ဖြစ် သားသတ်လုပ်ငန်း အမဲ၊ ဆိတ်၊ ဝက်ကတော့ ကြီးကြပ်ကွပ်ကဲမှု ဥပဒေတစ်ခု အောက်မှာ၊ အဖွဲ့အစည်းတစ်ခုအောက်မှာ ရှိတဲ့အတွက်ကြောင့် စနစ်တကျရှိနေတယ်ဆိုတာ ကျွန်တော်တို့ ဒါပြောလို့ရပါတယ်။

နောက်ပြီးတော့ ဒီသားသတ်တဲ့ လုပ်ငန်းဟာ မမြင်ကွယ်ရာလို့ ခေါ်ရမယ့် Sleughter House ပေါ့၊ ဟိုတုန်းက သားသတ်ရုံဆိုတာ မြို့ပြင်၊ လူမမြင်ကွယ်ရာမှာ သတ်တာဖြစ်တဲ့အတွက်ကြောင့် ဒီ ကိစ္စနဲ့ ပတ်သက်လို့ ပြဿနာ အကြီးအငယ် မရှိပါဘူး။ ဒါပေမဲ့ သားသတ်လိုင်စင်ထဲမှာလည်း မပါဘူး။ အသားထုတ် လုပ်ငန်းထဲမှာလည်း ပါနေတယ်။ ကြက်နဲ့ ဘဲပေါ့၊ ဘဲကတော့နည်းပါတယ် ခင်ဗျား။ ကျွန်တော်တို့ စားတာတော့ ကြက်ကို စားတာများကြတဲ့ အတွက်ကြောင့် ကြက်သတ်လုပ်ငန်းက ရှိနေ ပါတယ်။ ကြက်သတ်လုပ်ငန်းကျတော့ စည်ပင်သာယာ သားသတ်လိုင်စင်ယူထားတာ မဟုတ်တဲ့ အတွက်ကြောင့် ထိန်းချုပ်မှုအောက်မှာ မရှိဘဲနဲ့ အလွယ်တကူလုပ်နိုင်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဘယ်လို နေရာတွေမှာ လုပ်သလဲဆို ကိုယ့်အိမ်၊ ကိုယ်ခြံထဲမှာ လုပ်တာပေါ့၊ ဒိုင်ဆိုတာ ဖွင့်ထားလိုက်ရင် ခြင်းလေး တွေနဲ့လာပို့တယ်။ တောတွေက စက်ဘီးလေးနဲ့လာပို့တယ်။ ဆိုင်ကယ်နဲ့လာပို့တယ်၊ အဲဒါကို စုထားတယ်။ မနက်ကျတော့ အရုဏ်မတက်ခင်မှာ ဒါကို သတ်တယ်ပေါ့၊ သတ်ပြီးတဲ့နောက် အမွှေးဘာညာနုတ်ပြီးရင် ဈေးကိုပို့တာပါ။ ဈေးဖွင့်တဲ့အချိန်မှာ ဈေးရောင်းနေပြီ၊ ကျွန်တော်လည်း အဲဒါကို ဝယ်စားတာပါပဲ။

အဲဒီလုပ်ငန်းကျတော့ စောစောတုန်းက သားသတ်ရုံတို့၊ မြို့ပြင်တို့၊ မမြင်ကွယ်ရာတို့ မဟုတ် ဘဲနဲ့ လူနေရပ်ကွက်ထဲမှာ လုပ်တာဖြစ်တဲ့အတွက်ကြောင့် ပတ်ဝန်းကျင်လူတွေနဲ့၊ အိမ်တွေနဲ့၊ အိမ်နား နီးချင်းတွေနဲ့ ဒါလေးတွေ အခြေအတင်လေးတွေ ရှိပါတယ်။ ဘာကြောင့်လဲဆို (၁)ကတော့ ဆူတာညံတာ အသံပေါ့၊ (၂)ကတော့ မွေးထားတဲ့ သတ္တဝါတွေရဲ့ အနံ့အသက်ပေါ့၊ မစင် ဘာညာက ထွက်တာပေါ့၊ နောက်တစ်ချက်ကတော့ သတ်ပြီးတဲ့အခါမှာ သူကလည်းဆေးချရတာ၊ သွေးတွေ ဘာတွေ ဆေးချလိုက်တဲ့ အခါကျတော့ အမွှေးတွေ၊ ဘာတွေကျတော့ ရေမြောင်းတွေထဲ ရောက်သွားတာတွေ ရှိပါတယ်။ ဒါတွေနဲ့ ပတ်သက်လို့ပြောစရာ၊ ဆိုစရာတွေဖြစ်ကြပါတယ်။ နောက် အခုကျတော့ပိုဆိုးလာတယ်။ ဒီ ဘက်ခေတ်မှာ ကျွန်တော်တို့ ငယ်ငယ်တုန်းက မရှိခဲ့တဲ့ Arian Flu လို့ ခေါ်ရမယ့် ကြက်၊ ငှက်ကတစ်ဆင့် ကူးတဲ့ တုတ်ကွေးဟာ လူကို ကူးပါတယ်။ ဒါ ကူးစက်ရောဂါ ဖြစ်လာပါတယ်။ အထူးသဖြင့် ဗီယက်နမ်နဲ့ တရုတ်မှာ တော်တော်ဆိုးဆိုးဝါးဝါး ဖြစ်တယ်။ မြန်မာနိုင်ငံကတော့ ကံအားလျော်စွာ ဒါ မရှိနိုင်သေးဘူး။ ထိန်းချုပ်နိုင်တယ်။ ထိန်းချုပ်မှုလည်း ကောင်းပါတယ်။

အဲဒီတော့ ဒီကိစ္စဟာ ကြပ်မတ်ထိန်းသိမ်းဖို့ လိုပြီဆိုတာတော့ လူထုက သိတယ်။ သိတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေလို ပုဂ္ဂိုလ်မျိုးကို လာပြောကြတယ်။ ပြောတဲ့အခါမှာ ကျွန်တော်တို့က ဌာနဆိုင်ရာကို မေးပေးပါတယ်။ စည်ပင်သာယာကို၊ ဒါနဲ့ပတ်သက်လို့ ကြီးကြပ်မှု ရှိသလား ဆိုတာကို သားသတ်လိုင်စင်မှာ မပါဘူး။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ တိုက်ရိုက်ကြီးကြပ် ကွပ်ကဲ လို့တော့ မရဘူး။ တိုင်လာရင်တော့ ကျွန်တော်တို့မှာ လိုင်စင်မဲ့ လုပ်ငန်းလုပ်ရင်တော့ ဒဏ်ငွေ နှစ်သောင်းချခွင့် ရှိပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ အနည်းဆုံး နှစ်သောင်းမှ အများဆုံး တစ်သိန်းပါ။ ဒါတော့ ကျွန်တော်တို့ ချလိုက်ပါတယ်။ ချလိုက်တော့လည်း အလွယ်တကူပဲဆောင်သွားတယ်၊ နောက်တစ်နေ့ ပြန်လုပ်တာပါပဲ။ ဒီလိုလေး ရှိနေပါတယ်။ ဒါတစ်ချက်ပေါ့၊ နောက်တစ်ချက်က ကျွန်တော်တို့ ကျန်းမာရေး ဌာနပေါ့၊ ကျန်းမာရေးဌာန ကလည်း တိုက်ရိုက် သူက ကြီးကြပ်လို့ မရဘူး။ မရပေမယ့် သူကတိုင်ချက် ရှိရင်တော့ သူ ကွင်းဆင်းစစ်ပေးတာတို့၊ ဘာတို့ရှိတယ်။

အလားတူ အုပ်ချုပ်ရေးအဖွဲ့အစည်းကို မေးတော့ အုပ်ချုပ်ရေးအဖွဲ့အစည်းက ကျွန်တော်တို့ လည်း ဒါကို ထိန်းသိမ်းချင်ပါတယ်။ အုပ်ချုပ်ရေးမှာလည်း အထွေထွေဦးစီးဌာန အုပ်ချုပ်ရေးအောက်မှာ ဒါနဲ့ ပတ်သက်လို့ သီးခြားဥပဒေမရှိထားဘူး။

အခု ကျွန်တော်တို့ လွှတ်တော်မှာ မေးတဲ့အခါကျတော့ ဒီမေးခွန်းဟာ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းက လုပ်တာမဟုတ်မှန်း ကျွန်တော်တို့ သိပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါပေမဲ့ တိုင်းနဲ့ ပြည်နယ်အစိုးရများက ကွပ်ကဲရန် ဖြစ်သော်ငြားလည်း အဲဒီဥပဒေတွေမှာ မပါသေးတဲ့အတွက်ကြောင့် ဒီလို ကျွန်တော်တို့ ဆွေးနွေးတာ၊ ပြည်ထောင်စုအစိုးရက ပြန်ဖြေတာကို ကြားသွားပြီးတဲ့နောက် ပြည်ထောင်စုအစိုးရရဲ့ လမ်းညွှန်ချက်တစ်ရပ်နဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေက ဒီ စည်ပင် သာယာဥပဒေကို ပြုပြင်တာ၊ တိုးချဲ့တာ၊ နည်းဥပဒေ ထပ်ထည့်တာလုပ်ပြီးတော့ ဒီ ကြက်သတ်လုပ်ငန်းကို ကွပ်ကဲလိုက်မယ် ဆိုရင်တော့ ကောင်းသွားနိုင်မယ့် သဘောရှိပါတယ်။

စောစောကလည်း ကျွန်တော် ဒီမေးခွန်းမေးတာနဲ့ပတ်သက်လို့လာပြီး ကျွန်တော်တို့ကို မေးကြ ပါတယ်။ မီဒီယာတွေက ဘယ်လောက်ထိအောင် လုပ်ပေးစေချင်သလဲလို့၊ လုပ်ပေးစေချင်တဲ့ အရာဘာမှ မပါ ပါဘူး။ Awareness ပေးတာပါပဲ။ ဒါလိုနေတယ်။ ဒါတော့ ကျန်နေတယ်ဆိုတာ သိသွားအောင် Awareness ပေးတဲ့ သဘောပဲဖြစ်ပါတယ်လို့ ကျွန်တော် ဖြေလိုက်ပါတယ်ခင်ဗျား။

ဒါကြောင့် ကျွန်တော်မေးချင်တာကတော့ ကျွန်တော်ပြောခဲ့တဲ့ ဆိုးကျိုးလေးတွေပေါ့၊ (၁)ကတော့ အနံ့အသက်၊ အသံဗလံ။ (၂)ကတော့ ပတ်ဝန်းကျင်ညစ်ညမ်းမှု။ တတိယအချက်ကတော့ ရောဂါဘယ ကူးစက်နိုင်ခြင်း။ (၄)ကတော့ လူပုဂ္ဂိုလ်ချင်း ဖြစ်လာတာပေါ့၊ အိမ်နားနီးအချင်းချင်း ဖြစ်လာတာပေါ့၊ အဲဒီမှာလုပ်တဲ့ လုပ်ငန်းနဲ့ပတ်ဝန်းကျင်းကနေတဲ့ လူနဲ့က သဟဇာတဖြစ်မယ့် လူအုပ်စုမျိုး မဟုတ်ရင် ပိုဆိုးပါတယ်ခင်ဗျား။ ကျွန်တော် ဒီလောက်ပဲပြောပါရစေ။

ဒါကြောင့်မို့လို့ စနစ်တကျကြီးကြပ်သွားနိုင်ဖို့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေကို ပြည်ထောင်စု အစိုးရအနေနဲ့ လမ်းညွှန်ချက် တစ်စုံတစ်ရာပေးနိုင်ခြင်း ရှိသွားနိုင်တဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အများပြည်သူအကျိုးငှာ မေးရခြင်းဖြစ်ပါတယ်။ ကျေးဇူး အများကြီးတင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်တွင် ငါးသယံဇာတ ပေါများမှု၊ ဆုတ်ယုတ်မှု အခြေအနေနှင့် ကမ်းဝေးငါးဖမ်း ရေယာဉ်များဖြင့် ငါးဖမ်းခွင့်ကို နှစ်အကန့်အသတ်ဖြင့် လုံးဝပိတ်ပင်ရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) မှ ဦးခင်မောင်လတ် က မြန်မာ့ပင်လယ်ပြင်တွင် ငါးသယံဇာတပေါများမှု၊ ဆုတ်ယုတ်မှုအခြေအနေနှင့် ကမ်းဝေးငါးဖမ်းရေယာဉ်များဖြင့် ငါးဖမ်းခွင့်ကို နှစ်အကန့်အသတ်ဖြင့် လုံးဝပိတ်ပင်ရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့ရေလုပ်ငန်း ထွက်ကုန်ပမာဏဟာ တစ်ဖြည်းဖြည်း ကျဆင်းလျက်ရှိနေပါတယ်။ ငါးဖမ်းရရှိမှု ပိဿာချိန်၊ အရေအတွက်၊ ငါး ရောင်းရငွေ ပမာဏဟာ တစ်နှစ်ထက်တစ်နှစ် ကျဆင်းလျက်ရှိနေပါတယ်။ ဒါက ဘာကိုပြသလဲဆိုရင် မြန်မာ့ပင်လယ်ပြင်မှာ ငါးသယံဇာတ တဖြည်းဖြည်း ရှားပါးလာတယ်ဆိုတာ ပြနေတာဖြစ်ပါတယ်။ ငါးအရွယ်အစားတွေကလည်း သေးငယ်လာတယ်။ အချို့ မျိုးစိတ်တွေဆိုရင် ပျောက်ကွယ်သွားတယ်၊ လျော့နည်းကျဆင်းလာတယ်။ မြစ်တွေ၊ ချောင်းတွေမှာလည်း ငါးရှာမရတာတွေ ဖြစ်လာပါတယ်။ ဒါဟာ ပင်လယ်ပြင်မှာ ငါးရှားပါးလာတာ ပြတာဖြစ်ပါတယ်။

ငါးသယံဇာတပြုန်းတီးမှုကို ထိန်းသိမ်းကာကွယ်ဖို့ သဘာဝကထုတ်ယူတာတွေကို လျှော့ချဖို့ လိုပြီဆိုပြီးတော့ ငါးလုပ်ငန်းဦးစီးဌာနက၊ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့က ပြောနေတာလည်းကြာပါပြီ။ ငါးပေါများလှတယ်ဆိုတဲ့ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာတောင် တချို့မြို့တွေမှာ ရန်ကုန်ဘက်က ရေချိုမွေးမြူရေး ငါးတွေကို ဝယ်စားနေရတဲ့ အခြေအနေရှိပါတယ်။

အဲဒါမျိုး အရင်က တစ်ခါမှ မဖြစ်ခဲ့ဖူးပါဘူး။ ငါးသယံဇာတ ရှားပါးအောင် လုပ်တဲ့အထဲမှာ အချက်တစ်ချက်အနေနဲ့ ပင်လယ်ကမ်းဝေးငါးဖမ်း ရေယာဉ်ကြီးတွေ တာဝန်မကင်းပါဘူး။ ဒီကမ်းဝေးရေယာဉ်ကြီးတွေဟာ ငါးများ အဓိကပေါက်ဖွားတဲ့ (Breeding Ground) တွေမှာ တရွတ်ဆွဲပိုက်တွေကို သုံးပြီးတော့ ငါးဖမ်းနေကြတာ ဖြစ်ပါတယ်။ သူတို့ကြောင့် ငါးအစာကွင်းဆက်တွေ၊ (Food Chain) တွေ၊ အကုန်လုံးပျက်စီးသွားပါတယ်။ အဲဒါကြောင့် ငါးတွေ ရှားပါးလာတာ ဖြစ်ပါတယ်။

ပင်လယ်ပြင်မှာ ငါးတွေရှားပါးလာလေလေ၊ ကမ်းနီးထဲကို သူတို့ကပိုပြီးတော့ ဝင်ဖမ်းလေလေ ဖြစ်လာရပါတယ်။ လွန်ခဲ့တဲ့ အနှစ်(၂၀)၊ (၃၀)မှာ အဲဒီလိုမျိုး ဝင်ဖမ်းတဲ့ကိစ္စတွေ မရှိခဲ့ပါဘူး။ အခုတော့ ကမ်းနီးတွေမှာ ဝင်ဖမ်းတာတွေက တစ်နှစ်ထက် တစ်နှစ်များလာပါတယ်။ ကမ်းနီး(၁၀)မိုင်ထဲ ဝင်ဖမ်းရင် ဒါဟာ ကမ်းနီးဥပဒေကို ချိုးဖောက်တာပါပဲ။ လက်တွေ့မှာကျတော့ (၁)မိုင်၊ (၂)မိုင်အထိလည်း ဝင်ဖမ်း

တာတွေ ရှိလာပါတယ်။ ကမ်းဝေးသင်္ဘောကြီးတွေ ဒီလို ချုံးဖောက်တဲ့အခါ ကမ်းနီးငါးဖမ်းပိုက်များနဲ့ စက်လှေကလေးတွေကို သိမ်းကျုံးပြီး ဆွဲယူသွားတာ ရှိပါတယ်။

အဲဒီလို ဝင်ဖမ်းနေပြီဆိုရင် ကမ်းနီးငါးဖမ်း ရေယာဉ်ကလေးတွေက အပြင်ကို ထွက်ပြီးတော့ မဖမ်းရဲကြတော့ပါဘူး။ ညပိုင်းဆိုရင် ပိုပြီးတော့ဆိုးပါတယ်။ မြစ်ဝတို့၊ ချောင်းဝတို့မှာရှိတဲ့ မြေပြင် အခြေစိုက် ကျားပိုက်တို့၊ ကျားပါးစပ်ပိုက်တွေအကြားမှာလည်း သူတို့ကဝင်ဆွဲတာပါပဲ။ ဧရာဝတီနှင့် ရခိုင်ဘက်တွေမှာ ဒေသခံငါးဖမ်းလှေတွေဟာ ကမ်းဝေးသင်္ဘောကြီးတွေကို ကြောက်လို့ကမ်းခြေက (၁)မိုင်ကိုတောင် မထွက်ရဲတာတွေ ဒီနှစ်ပိုင်းတွေမှာ ရှိလာပါတယ်။ ကမ်းဝေးသမားတွေကြောင့် ကမ်းနီး သမားတွေမှာ ပိုက်တွေ၊ လှေတွေလုပ်ငန်းဆုံးရှုံးမှုတွေဟာ ဒေသတစ်ခုမှာ (၁)လအတွင်းမှာ သိန်းရာချီ ပြီး ရှိလာပါတယ်။ ကျွန်တော်တို့ ပေါက်တောမြို့နယ်မှာဆိုရင် ကမ်းဝေးသင်္ဘောကို တရားစွဲမှု(၁)ခု ရှိခဲ့ပါတယ်။ အမှုလိုက်တာ ငွေကုန်ကြေးကျများလို့ နောက်ထပ် အဲဒီအမှုမျိုးကို တရားမစွဲဆိုရဲတော့ ပါဘူး။

ကျောက်ဖြူဘက်မှာ ဆိုရင်လည်း လူတစ်ဦးသေဆုံးတဲ့ ဖြစ်ရပ်တွေတောင် ဖြစ်လာပါတယ်။ ကမ်းဝေးသင်္ဘောတွေဟာ သင်္ဘောနံပါတ်တွေကိုလည်း မိတ္တူပွားထားကြပါတယ်။ ကမ်းနီးကိုဝင်ဆွဲတဲ့ အခါ နံပါတ်တွေကို ဖုံးထားတာလည်း ရှိပါတယ်။ ပင်လယ်ပြင်က သူတို့သဘောကျလုပ်လို့ရသလို ဖြစ်နေ ပါတယ်။ မိုင်းခွဲပြီးလည်းငါးရှာပါတယ်။ အဆိပ်ချပြီးရှာပါတယ်။ လိုတဲ့ငါးကိုရွေးယူပြီးတော့ မလိုတဲ့ ငါးတွေကို လွှင့်ပစ်ကြတာလည်း အများကြီးပါ။ ဒီတော့ ငါးသယံဇာတတွေ၊ အစာကွင်းဆက်တွေ ပျက်စီး သွားပါတယ်။ ငါးလုပ်ငန်းဦးစီးအနေနဲ့ ငါးဥပေါက်ချိန်ဖြစ်တဲ့ ဧပြီ၊ မေ၊ ဇွန်လများမှာ ဘုံကျောင်းငါးဖမ်း စနစ် ကျားပိုက်များကို တားမြစ်တာတွေလည်း ရှိပါတယ်။ နေရာကွက်ပြီးတော့ ငါးမဖမ်းရ ရာသီသတ်မှတ် တာတွေလည်း ရှိပါတယ်။ ဒါပေမဲ့ တစ်ပြိုင်တည်းမဟုတ်ဘဲ ခွဲခြားလုပ်ထားတဲ့အတွက် ရည်ရွယ်ချက် မအောင်မြင်ခဲ့ပါဘူး။ တနင်္သာရီဘက်မှာ တားမြစ်ထားတယ်ဆိုရင် ရန်ကုန်ဘက်၊ ရခိုင်ဘက်တို့မှာ လာ ပြီးတော့ဖမ်းကြပါတယ်။ နဂိုကရှားပါးနေတဲ့အထဲမှာ ဒီလိုစုပြုံပြီး ငါးဖမ်းတာကြောင့် ဒီနှစ်ဆိုရင် သိန်းနဲ့ချီ ပြီးတော့ ဆုံးရှုံးသွားတဲ့ ဒေသခံတွေ အများကြီးရှိလာပါတယ်။

တစ်နေရာမှာ ငါးပေါအောင်လုပ်ပြီး၊ တစ်နေရာမှာ ငါးရှားအောင် လုပ်နေသလိုတွေ ဖြစ်နေ ပါတယ်။ ရခိုင်ပြည်နယ်ရှိ ကမ်းနီးငါးဖမ်းကွက်တွေ အတွင်းမှာ တခြားဒေသက ကမ်းဝေးရေယာဉ်ကြီးတွေ ဝင်ပြီးတော့ ဖမ်းဆီးနေပါတယ်။ အဲဒီလိုဖြစ်နေသော်လည်းပဲ ရခိုင်ပြည်နယ်အစိုးရအနေနဲ့ အရေးယူ ဆောင်ရွက်နိုင်ခွင့် မရှိသလိုလည်း ဖြစ်နေပါတယ်။ ငါးလုပ်ငန်းဦးစီးအနေနဲ့လည်း ကိုယ်ပိုင်သင်္ဘောတွေ၊ ကိုယ်ပိုင်ရေဒါနဲ့ ဂြိုလ်တုစနစ်တွေ မပြည့်စုံတဲ့အတွက် ပြည်တွင်း/ပြည်ပ ငါးဖမ်းသင်္ဘောတွေကို စောင့် ကြည့်ဖို့ အခက်အခဲရှိမှာ ဖြစ်တဲ့အတွက် ဥပဒေချိုးဖောက် ငါးဖမ်းတာတွေကိုတားဖို့ အခက်အခဲရှိနိုင် ပါတယ်။ ဒီကြားထဲမှာ လာဘ်ပေးလာဘ်ယူမှုများလည်းရှိနေနိုင်ပါတယ်။ တိုးတက်တဲ့နိုင်ငံကြီးတွေမှာတော့ ပင်လယ်ပြင်စောင့်ကြည့်ရေး NGO အဖွဲ့တွေရှိပါတယ်။ သူတို့ကသတင်းပေးလို့ အစိုးရက ဖမ်းဆီးပေး နိုင်တာလည်း ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ်းဝေးငါးဖမ်းသင်္ဘောတွေရဲ့ တည်ရှိမှုကို ဈေးကွက်နဲ့ အရှုံးအမြတ် ရှုထောင့်ကလည်း အကဲဖြတ်ဖို့လိုပါတယ်။ ဈေးကောင်းရတဲ့ ငါးဈေးကွက်က ထိုင်းနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ် နိုင်ငံဘက်မှာရှိပါတယ်။ ငါးပေါများရာ နယ်စပ်ဒေသက ငါးဖမ်းလှေ အကြီးတွေ၊ အသေးတွေအကုန်လုံး

နီးပါးဟာတစ်ဖက်နိုင်ငံက ငါးကုမ္ပဏီနဲ့သိပ်မလွတ်ဘူးဆိုတာ ဂျာနယ်တွေမှာဖတ်နေရပါတယ်။ ကျွန်တော် ကိုယ်တိုင်လည်း သိရှိတာတွေရှိပါတယ်။

မြန်မာနိုင်ငံမှာသာရှိတဲ့ ငါးသလောက်မျိုးဆိုရင် ထိုင်းနိုင်ငံက ထုတ်လုပ်နေတာတွေ ရှိပါတယ်။ ငါးမုတ်တွေလည်း ဒီအတိုင်းပါပဲ။ ငါးသလောက်နဲ့ ငါးမုတ် အသေးလေးတွေဆိုရင် ကျွန်တော်တို့ ပြည်သူ လူထုစားရပါတယ်။ အကောင်းစားနဲ့ အကြီးစားတွေက တစ်ဖက်ဈေးကွက်ထဲကို ရောက်သွားပါတယ်။ ဒါကြောင့် ငါးသယံဇာတ ပြုန်းတီးလာတဲ့ အချိန်မှာ နိုင်ငံအတွက်လည်း အကျိုးမရှိဘူးဆိုရင် ကမ်းဝေး သင်္ဘောကြီးတွေကို ကျွန်တော်တို့ ထိန်းချုပ်သင့်ပါတယ်။ ကျွန်တော်တို့ရဲ့ အိမ်နီးနားချင်းတွေရဲ့ နမူနာကို ယူရင်လည်း ယူဖို့ကောင်းပါတယ်။ ထိုင်းနိုင်ငံက သင်္ဘောတွေက တခြားနိုင်ငံ၊ တခြားရေပြင်တွေမှာ သွားပြီးဖမ်းနေကြပါတယ်။ သူတို့ရေပြင်မှာမထိန်းခဲ့လို့ ငါးမျိုးပြုန်းသွားတာဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ် နိုင်ငံမှာတော့ သင်္ဘောကြီးတွေကို လုံးဝဖမ်းခွင့်မပေးပါဘူး။ အိန္ဒိယနိုင်ငံကလည်း သူများပင်လယ်ပြင်မှာ သွားပြီးတော့ ငါးဖမ်းကြပါတယ်။ ဗီယက်နမ်ကလည်း ဒီအတိုင်းပါပဲ၊ သူတို့သင်္ဘောတွေက ဝေးသထက် ဝေးသွားပြီး ဖမ်းနေချိန်မှာ ကျွန်တော်တို့ ကမ်းဝေးသင်္ဘောကြီးတွေက မြစ်တွေ၊ ချောင်းတွေထဲ ဝင် ဝင်လာ ပြီးတော့ ဖမ်းနေတာဖြစ်ပါတယ်။

တရုတ်၊ ဥပရောပနဲ့ ဩစတြေးလျ အပါအဝင် ကမ္ဘာနိုင်ငံများစွာမှာ ငါးရှားပါးလာပြီဆိုရင် ငါးဖမ်းခွင့်ကို နှစ်တို/နှစ်ရှည် ပိတ်ပင်တာတွေရှိပါတယ်။ သင်္ဘော အမျိုးအစားကိုလည်း ပိတ်ပင်တာတွေ ရှိပါတယ်။ ငါးအမျိုးအစားကိုပိတ်ပင်တာ၊ ရေပြင်ကိုပိတ်ပင်တာမျိုးလည်းရှိပါတယ်။ ဒါပေမဲ့ ရည်ရွယ်ချက် ကတော့တစ်ခုထဲဖြစ်ပါတယ်။ ငါးသယံဇာတထိန်းသိမ်းရေးနှင့် ရေလုပ်သားများအကျိုးအတွက် ဖြစ်တယ် လို့ဆိုပါတယ်။ မြန်မာနိုင်ငံမှာလည်းလိုအပ်လျှင် ကမ်းဝေးငါးဖမ်းသင်္ဘောတွေကို နိုင်ငံတော်က ရေရှည် ငါးသယံဇာတ ထိန်းသိမ်းရေးနှင့် ရေလုပ်သားများ အကျိုးအတွက် ပိတ်ပင်တားဆီးဖို့ လိုပါတယ်။

ငါးထိန်းသိမ်းရေးဆိုတာကလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတစ်မျိုးပါပဲ။ သစ်တော ထိန်းသိမ်းရေးနဲ့ ဆင်ပါတယ်။ ဒါပေမယ့် သစ်တောကိုကျတော့ မြင်ရပါတယ်။ ပြန်စိုက်လို့ရပါတယ်။ ရေအောက်က ငါးကိုတော့ မမြင်ရပါဘူး။ ပင်လယ်ထဲမှာ ပြန်မွေးလို့လည်း ကျွန်တော်တို့မရနိုင်ဘူး။ အခုတော့ ကျွန်တော်တို့ ငါးသယံဇာတထိန်းသိမ်းရေးနဲ့ တော်တော်နောက်ကျနေပြီလို့ ယူဆရပါတယ်။ အဲဒါကြောင့် ကမ်းဝေးငါးဖမ်းလုပ်ငန်းတွေကို ထိန်းချုပ်ဖို့လိုပါတယ်။ ကမ်းဝေးငါးဖမ်း သင်္ဘောကြီးတွေနဲ့ ငါးမဖမ်းရဇုန်ကို နှစ်အလိုက်ကန့်သတ်ပေးဖို့ လိုအပ်လာပြီဖြစ်ပါတယ်။ ငါးဖမ်းရေယာဥ် အရေအတွက် ကိုလည်း လျှော့ချပေးဖို့ လိုအပ်လာပြီဖြစ်ပါတယ်။ ငါးသယံဇာတတိုးပွားလာတဲ့ တစ်နေ့မှာ အဲဒီပိတ် ထားတဲ့ တားဆီးတဲ့ရေပြင်တို့ သင်္ဘောတို့ကို ပြန်လည်ဖွင့်ပေးလို့ရပါတယ်။ မိရိုးဖလာနည်းနဲ့ ကမ်းနီး ရေလုပ်ငန်းမှာ မှီခိုလုပ်ကိုင်စားသောက်တဲ့သူတွေဟာ မြန်မာ့ပင်လယ်ကမ်းရိုးတန်းမှာ ငါးဈေး မကောင်း ပါဘူးဆိုတော့ ဒီလူများစုရဲ့အကျိုးကိုကြည့်ပြီးတော့ ဒီလူနည်းစု သင်္ဘောကြီးပိုင်ရှင်နည်းနည်းရဲ့ အကျိုးကို ကြည့်ပြီးတော့၊ ကျွန်တော်တို့ နှိုင်းယှဥ်ကြည့်ပြီးတော့ ဒီကမ်းဝေးငါးဖမ်းလုပ်ငန်းကို ထိန်းသိမ်းတားဆီးဖို့ လိုပါတယ်။

အဲဒါကြောင့် ကျေးလက်နေဒေသခံတွေရဲ့ တစ်ပိုင်တစ်နိုင် လုပ်ကိုင်စားသောက်နေတဲ့ ကမ်းနီး သမားတွေအတွက် အောက်ပါမေးခွန်းများကို ကျွန်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်။ မြန်မာ့ ပင်လယ်ပြင်တွင် ငါးသယံဇာတ ပေါများမှု၊ ဆုတ်ယုတ်မှုအခြေအနေ မည်ကဲ့သို့ ရှိနေပါသလဲ။ မြန်မာ့

ပင်လယ်ပြင်တွင် ကမ်းဝေးငါးဖမ်းရေယာဉ်များဖြင့် ငါးဖမ်းခွင့်ကို နှစ်အကန့်အသတ်ဖြင့် လုံးဝပိတ်ပင်ရန် အစီအစဉ်ရှိပါသလား ဆိုတာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၉။**

**ဒေါက်တာအောင်မြတ်ဦး (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦး ဖြစ်ပါတယ်။

ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ ရဲ့ မေးခွန်းကို ကျွန်တော် ပြန်လည်ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။ သားသတ်လိုင်စင် စီ လုပ်ငန်းများနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက အမဲ၊ သိုး၊ ဆိတ်နဲ့ ဝက်လိုင်စင် စီများကို စည်ပင်သာယာဥပဒေများနဲ့အညီ ဘဏ္ဍာရေးနှစ်အလိုက် ဈေးပြိုင်စနစ်နဲ့ ရောင်းချလုပ်ကိုင်ခွင့်ပေးကြောင်း သိရှိပါတယ်။ ကြက်၊ ဘဲအသားရောင်းချခြင်းကိုတော့ လိုင်စင်စီစနစ် ဆောင်ရွက်ခြင်းမရှိဘဲနဲ့ အရောင်းလုပ်ငန်း မှတ်ပုံတင်ခြင်းနဲ့ ဈေးခုံစနစ် ဆောင်ရွက်ပြီး သတ်မှတ်ထားတဲ့ အခကြေးငွေကို ကောက်ခံကြောင်းတွေ့ရှိရပါတယ်။ ကြက်၊ ဘဲအရှင်ဒိုင်များကိုတော့ အချို့မြို့နယ်များမှာ စည်ပင်သာယာရေးအဖွဲ့များက အခကြေးငွေ သတ်မှတ်ပြီး လုပ်ငန်းလိုင်စင် ချထား ဆောင်ရွက်တာကို တွေ့ရပါတယ်။

တိုင်းဒေသကြီး/ပြည်နယ်များအလိုက် အမဲ၊ သိုး၊ ဆိတ်၊ ဝက်လိုင်စင် စီစနစ်ကို ဆောင်ရွက်ရာမှာ နေပြည်တော်ကောင်စီမှာတော့ အမဲ၊ ဝက်၊ ဆိတ် ထုတ်လုပ်ရောင်းချခြင်းကို ဈေးခုံစနစ်နဲ့ ခွင့်ပြုပြီး သတ်မှတ်ထားတဲ့ ဈေးခုံကြေးများ ပေးသွင်းရောင်းချခွင့် ပြုတာကိုတွေ့ရပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှာတော့ နှစ်စဉ် အမဲ၊ သိုး၊ ဆိတ်၊ ဝက်နဲ့ အသားထုတ်လုပ်ခွင့် လိုင်စင်ကိုတော့ စိစစ်ထုတ်ပေးထားတာကို တွေ့ရပါတယ်။ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီမှာတော့ သားသတ်ရုံများတည်ထောင်ခြင်း၊ ခြေလေးချောင်း တိရစ္ဆာန်များအား စားသုံးရန် သတ်ဖြတ်ခြင်း၊ အသားရောင်းချမှုကို ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်တာကို တွေ့ရှိရပါတယ်။ ကျန် တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာတော့ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက် လိုင်စင်စီစနစ် ဆောင်ရွက်ရာမှာ စည်ပင်သာယာရေး ဥပဒေများနဲ့အညီ ဈေးပြိုင်စနစ်နဲ့ အရပ်ရပ်လိုင်စင်ကြေးများ ပေးသွင်းစေပြီး ဆောင်ရွက်တာကို တွေ့ရပါတယ်။

ကြက်၊ ဘဲသားသတ်လုပ်ငန်းနဲ့ပတ်သက်ပြီးတော့ တိုင်းဒေသကြီးနဲ့ပြည်နယ်များမှာ ဆောင်ရွက်မှုများ မတူညီတာကိုတော့တွေ့ရပါတယ်။ နေပြည်တော်ကောင်စီနယ်မြေနဲ့ မန္တလေးမြို့တော်စည်ပင်

သာယာရေး ကော်မတီမှာတော့ ကြက်၊ ဘဲအသား၊ ငါးရောင်းချခွင့် လိုင်စင်များကို တစ်နှစ်အတွက် ပေးသွင်းစေပြီးတော့မှ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှာတော့ ကြက်၊ ဘဲ အသား ထုတ်လုပ်ခွင့် လိုင်စင်များကို စိစစ်ခွင့်ပြုပြီး ကြက်၊ ဘဲ အသားအရောင်းလိုင်စင်ခ ပေးသွင်းထုတ်လုပ် ရောင်းချစေတာကို တွေ့ရပါတယ်။

ကချင်ပြည်နယ်မှာတော့ ကြက်ခုံလိုင်စင်နဲ့ ဆောင်ရွက်ပါတယ်။ ကယားပြည်နယ်မှာတော့ ကြက်၊ ဘဲ ဆိုင်ခန်းငှားခနဲ့ ပျံကျဈေးကောက်ခံခြင်း ပုံစံနဲ့ ဆောင်ရွက်ပါတယ်။ ကရင်ပြည်နယ်မှာတော့ ကြက်၊ ဘဲအသားရောင်း လိုင်စင်ချထားဆောင်ရွက်ပါတယ်။ ချင်းပြည်နယ်မှာတော့ ကြက်အရှင် အပေါ်မှာ ရောင်းချမှုအပေါ်မှာ ဈေးကောက် ကောက်ပြီးတော့ ဆောင်ရွက်ပါတယ်။ မွန်ပြည်နယ်မှာတော့ ကြက်၊ ဘဲအသားရောင်းလိုင်စင် ချထားဆောင်ရွက်ပါတယ်။ ရခိုင်ပြည်နယ်မှာတော့ ဈေးကောက်စနစ်နဲ့ ဆောင်ရွက်ပါတယ်။ ရှမ်းပြည်နယ်မှာတော့ အသားရောင်းလိုင်စင် ချထားဆောင်ရွက်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာတော့ ဈေးကောက်စနစ်နဲ့ ဆောင်ရွက်ပါတယ်။ မကွေးတိုင်းဒေသကြီးမှာတော့ ချိန်ခွင်လိုင်စင် စည်းကြပ်ကောက်ခံပြီးတော့မှ ဆိုင်ခန်းငှားခ သတ်မှတ်ပြီးတော့ ကောက်ခံတဲ့စနစ်နဲ့ ဆောင်ရွက်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးမှာတော့ အသားရောင်းလိုင်စင်ခများ စည်းကြပ်ကောက်ခံခြင်းရော၊ ကြက်၊ ဘဲအရှင် အဝယ်ဒိုင်များအား လုပ်ငန်းစလိုင်စင်ခ ကောက်ခံခြင်းများ ရောပြီးတော့မှ ဆောင်ရွက်တာကို တွေ့ရှိရပါတယ်။

တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ ကြက်၊ ဘဲ သားသတ်လိုင်စင် လုပ်ငန်းများကို သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံချက်နဲ့ အိမ်နီးချင်း(၁၀)အိမ်ရဲ့ ထောက်ခံချက်တွေရယူပြီးတော့ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးထံကို လျှောက်ထားရပါတယ်။ အဲဒီလို လျှောက်ထားရာမှာ ကြက်၊ ဘဲ သားသတ်လုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ ပတ်ဝန်းကျင်ကို အသံ၊ အနံ့အသက်၊ အနှောင့်အယှက်မရှိစေဖို့၊ ရေစီးရေလာကောင်းမွန်တဲ့ သန့်ရှင်းမှုစနစ်နဲ့ ဆောင်ရွက်မယ့် ကတိဝန်ခံချက်ကို ရေးထိုးပြီးတော့မှ တင်ပြရပါတယ်။

အဲဒီအချက်အလက်တွေကို ခရိုင်/မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနဲ့ မြို့နယ်မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနတို့က ကွင်းဆင်းစစ်ဆေးပြီး မှတ်တမ်းရယူပြီးတော့မှ ထောက်ခံတင်ပြခြင်းတွေကို ဆောင်ရွက်ပါတယ်။ ကျွန်တော်တို့ မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနအနေနဲ့ ကြက်၊ ဘဲများရဲ့ ကျန်းမာရေး စောင့်ရှောက်မှုအတွက် သက်ဆိုင်ရာ မြို့နယ်မွေးမြူရေးနဲ့ကုသရေးဦးစီးဌာန ဝန်ထမ်းများက ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်စနစ်များ (Good Animal Husbandary Practices) နဲ့အညီ မွေးမြူရေးခြံ မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးခြင်း၊ ဒေသတစ်ခုမှတစ်ခုသို့ ကြက်၊ ဘဲအရှင်များ တင်ပို့ရာမှာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်များက တိရစ္ဆာန်ကျန်းမာကြောင်း မျက်မြင်စစ်ဆေးပြီး ရောဂါကင်းရှင်းရင် ကျန်းမာကြောင်းလက်မှတ်ထုတ်ပေးခြင်း၊ ကြက်၊ ဘဲများကို ဈေးကွက်သို့မပို့မီ သို့မဟုတ် မသတ်မီ ကြက်၊ ဘဲ ဒိုင်များမှာ ကျန်းမာရေး စစ်ဆေးခြင်းကို အခါအားလျော်စွာ ဆောင်ရွက်ခြင်းကို ဆောင်ရွက်ပါတယ်။ ဥပမာ - ကူးစက်ရောဂါများ ကျရောက်ရန် အလားအလာရှိတဲ့အချိန်နဲ့ ဖြစ်ပွားချိန်တွေမှာ ကျွန်တော်တို့ ဆောင်ရွက်ပါတယ်။ ဈေးကွက်ကို ရောက်ပြီးတဲ့ ကြက်၊ ဘဲ အသားများကိုတော့ ကူးစက်ရောဂါ ရှိ၊ မရှိ ကို လိုအပ်တဲ့စစ်ဆေးမှုတွေ အခါအားလျော်စွာ စစ်ဆေးပေးခြင်းတို့ကို ကျွန်တော်တို့ ဆောင်ရွက်ပါတယ်။

မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနအနေနဲ့ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအရ အမိန့် ကြော်ငြာစာအမှတ် ၅၄/၉၉ ထုတ်ပြန်ပြီး တိရစ္ဆာန်ကူးစက်ရောဂါ ထိန်းချုပ်ရေး၊ ပတ်ဝန်းကျင်မှာရှိတဲ့ လူ၊ တိရစ္ဆာန်များ ရောဂါကူးစက်ပျံ့ပွားမှု၊ ဘေးအန္တရာယ် ကျရောက်မှုမဖြစ်စေရေးအတွက်စိစစ်ပြီး ဦးစီးဌာန ရဲ့ သတ်မှတ်ချက်များနဲ့ ကိုက်ညီမယ်ဆိုလို့ရှိရင်တော့ အသား၊ နို့၊ ဥ သို့မဟုတ် အခြား တိရစ္ဆာန်ထွက် ပစ္စည်းများ တစ်မျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးတဲ့ မွေးမြူရေးခြံ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းကို ကျွန်တော်တို့ ဆောင်ရွက်ပါတယ်။

ဒါကြောင့်မို့လို့ အမဲ၊ ဆိတ်၊ ဝက်စတဲ့ သားသတ်လိုင်စင်စီလုပ်ငန်းနဲ့ ကြက်၊ ဘဲသားသတ် လုပ်ငန်းတွေဟာ တိုင်းဒေသကြီး/ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဥပဒေများနဲ့အညီ ဆောင်ရွက်လျက် ရှိတဲ့ လုပ်ငန်းတွေဖြစ်ပြီး ရရှိတဲ့အရပ်ရပ် အခွန်အခတွေကိုလည်း တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အဖွဲ့များရဲ့ စီမံကွပ်ကဲမှုနဲ့သာ ဆောင်ရွက်ကြရပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ မေးမြန်းထားတဲ့ ကြက်၊ ဘဲသားသတ်လုပ်ငန်းနဲ့ ပတ်သက်ပြီး အခွန်အခများ ရရှိရေး အတွက် ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ လက်ရှိအခြေအနေမှာ ဆောင်ရွက်ပေးဖို့ အစီအစဉ်မရှိသေး ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမအချက်ဖြစ်တဲ့ မြန်မာ့ပင်လယ်ပြင်မှာ ငါးသယံဇာတပေါများမှု၊ ဆုတ်ယုတ်မှုအခြေအနေနဲ့ ပတ်သက်လို့ ရှင်းလင်းတင်ပြသွားပါမယ်။ နိုင်ငံတကာမှာ ငါးသယံဇာတများ တည်ရှိမှုအခြေအနေများကို နည်းလမ်း(၃)ခုနဲ့ လေ့လာတာကို တွေ့ရှိရပါတယ်။ အဲဒီနည်းလမ်းတွေကတော့ နှစ်စဉ်မျိုးမပြုန်းတီးစေဘဲ အမြင့်ဆုံးဖမ်းဆီးထုတ်လုပ်နိုင်မှု ပမာဏ(Maximum Sustainable Yield- MSY)၊ တစ်နာရီ ငါးအထိအမိ (Catch per Unit Effort - CPUE)၊ ငါးလုပ်ငန်းဆိုင်ရာ စံအညွှန်းကိန်းများ (Fisheries Indicators)တို့ပဲ ဖြစ်ပါတယ်။

အဲဒီနည်းလမ်းတွေနဲ့အညီ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ MSY ကိုသိရှိနိုင်ဖို့အတွက် ၁၉၇၉ ခုနှစ် ကနေ ၁၉၈၃ ခုနှစ်အထိ ပင်လယ် ငါး/ပုစွန်သယံ ဇာတသုတေသနလုပ်ငန်းကို ကမ္ဘာ့စားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးအဖွဲ့ရဲ့ အကူအညီနဲ့ သုတေသနရေယာဉ် ဒေါက်တာဖရစ်ဂျော့နန်ဆင် ငါးဖမ်းရေယာဉ် အမှတ် (၅၂၅)နဲ့ တိုင်းတာဆောင်ရွက်ခဲ့ပါတယ်။ ရလာဒ်များအရ မြန်မာ့ပင်လယ်ပြင်မှာ ရေပေါ်လွှာ ငါး တန်ချိန်တစ်သန်းနဲ့ ရေအောက်ငါးတန်ချိန် (၀.၈)သန်း စုစုပေါင်း ငါးတန်ချိန် (၁.၈) သန်းတည်ရှိပြီးတော့မှ နှစ်စဉ်မျိုးသုန်းမှုမရှိစေဘဲ ငါးဖမ်းဆီးထုတ်လုပ်နိုင်တဲ့ ပမာဏကတော့ ရေပေါ်လွှာငါးတန်ချိန် (၀.၅)သန်း နဲ့ ရေအောက်ငါးတန်ချိန် (၀.၅၅)သန်း စုစုပေါင်း တန်ချိန်သန်းပေါင်း (၁.၀၅) သန်းဖြစ်ပါတယ်။ အခုအခါ မှာတော့ ရေငန် ငါး/ပုစွန် ထုတ်လုပ်မှုမှာ တန်ချိန် (၂.၄)သန်းရှိနေပြီ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ MSY ကို ကျော်လွန်နေပြီဖြစ်ကြောင်းကို တွေ့ရှိရပါတယ်။

အလားတူပဲ တစ်နာရီ ငါးအထိအမိမှာလည်း ၁၉၇၉ ခုနှစ် တိုင်းတာချက်အရ (၆၆၉.၆၆ Kg/ hr) ရှိရာကနေပြီးတော့ ၂၀၁၇ ခုနှစ်မှာ တိုင်းထွာချက်အရ (၈၉.၉၂ Kg/hr) သာရှိတဲ့အတွက်ကြောင့်မို့လို့ CPUE ဟာလည်း ကျဆင်းလာကြောင်း တွေ့ရှိရပါတယ်။ အိမ်နီးချင်းနိုင်ငံများမှာလည်း ဒီလိုပဲတွေ့ရှိရ ပါတယ်။ ထိုင်းနိုင်ငံမှာလည်း လွန်ခဲ့တဲ့ အနှစ်(၂၀)က CPUE က (၃၀၀ Kg/hr) ဖြစ်ပေမယ့်လည်း ယခု

အခါမှာ (၂၀ Kg/hr) ပဲ ရှိတာကိုတွေ့ရပါတယ်။ ဗီယက်နမ်မှာလည်း ဒီလိုပဲလျော့ကျနေကြောင်းကို တွေ့ရှိရပါတယ်။

ငါးလုပ်ငန်းဆိုင်ရာ စံအညွှန်းကိန်းများ (Fisheries Indicators) အနေနဲ့ ကုန်တက်ပြေစာတွေ၊ ငါးဖမ်းလုပ်ငန်းရှင်တွေငါးဖမ်းရေယာဉ်ပဲ့နင်းများ၊ ရေလုပ်သားများထံမှ စစ်တမ်းကောက်ယူချက်အရ ယခင်က (၁၅)ရက်၊ ရက်(၂၀)ခန့်မှာ ငါးဖမ်းရေယာဉ်တစ်စီး ကုန်ချိန်အပြည့်ရသော်လည်းပဲ ယခုအခါမှာ (၄၅)ရက်၊ ရက် (၆၀)ကြာမှ ကုန်အပြည့် ဖမ်းဆီးရမိခြင်း၊ ငါးအရွယ်အစားများ သေးငယ်လာခြင်း၊ စီးပွား ဖြစ် ငါးများဖမ်းဆီးရရှိမှုနည်းပါးလာခြင်း၊ ဈေးကွက်ဝင် တန်ဖိုးရှိတဲ့ ငါးများလျော့ကျလာခြင်းတို့ကို တွေ့ရ ပါတယ်။ ဒါကြောင့်မို့လို့ ငါးသယံဇာတများ လျော့နည်းလာကြောင်းကိုတော့ တွေ့ရှိနေရပါတယ်။

လက်ရှိ တည်ရှိနေတဲ့ ငါးသယံဇာတအခြေအနေကို တိတိကျကျ တိုင်းတာသိရှိနိုင်ဖို့အတွက် ငါးလုပ်ငန်းဦးစီးဌာနမှ BOBLME Project နှင့် Norwegian Agency for Development Cooperation-NORAD ရဲ့ အထောက်အပံ့အရ သုတေသနရေယာဉ်ဖြင့် မြန်မာနိုင်ငံငါးလုပ်ငန်းရေပြင်၌ သိပ္ပံနည်းကျ ငါးလုပ်ငန်းနှင့် အဏ္ဏဝါဇီဝ ငါးမျိုးကွဲပြားမှု စစ်တမ်းကောက်ယူခြင်းကို ၁၃-၁၁-၂၀၁၃ ကနေ ၁၉-၁၂-၂၀၁၃ နေ့ အထိ ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ သုသေသနရလဒ်များ တရားဝင်ထုတ်ပြန်ခြင်း မရှိသေးပါ သဖြင့် လောလောဆယ် ဖြေကြားနိုင်ခြင်း မရှိသေးပါကြောင်းနှင့် ထွက်ရှိလာပါကလည်း မြန်မာနိုင်ငံ၏ ရေငန်ငါး သယံဇာတ တည်ရှိမှု၊ ဆုတ်ယုတ်မှုအခြေအနေများကို တိကျစွာ သိရှိနိုင်မှာ ဖြစ်ပြီးတော့မှ ကျွန်တော်တို့ ကြေညာနိုင်မှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းပါ ဒုတိယအချက်ဖြစ်တဲ့ မြန်မာ့ပင်လယ်ပြင်မှာ ကမ်းဝေးငါးဖမ်းရေယာဉ်များကို ငါးဖမ်းခွင့်ကို နှစ်အကန့်အသတ်ဖြင့် လုံးဝပိတ်ပင်ရန် အစီအစဉ်ရှိ၊ မရှိနှင့် ပတ်သက်ပြီးတော့မှ ဆက်လက်ရှင်းလင်း တင်ပြလိုပါတယ်။ မြန်မာနိုင်ငံရဲ့ ရေငန်ငါးထုတ်လုပ်မှု မှာ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ (၂.၄)သန်းတန်ရှိပြီး ကမ်းဝေးထုတ်လုပ်မှုမှာ ရေငန်ငါးထုတ်လုပ်မှု စုစုပေါင်း ရဲ့ (၇၀)ရာခိုင်နှုန်းဖြစ်ပါတယ်။ ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှုမှာ ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်းမှာ (၀.၃၇) သန်းတန်ဖြစ်ပြီး အမေရိကန်ဒေါ်လာ(၆၅၂.၃)သန်းကို ရရှိခဲ့ပါတယ်။ ကမ်းဝေးငါးဖမ်းမှုကို တားမြစ်မယ် ဆိုလို့ရှိရင်တော့ ရေငန်ငါးထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှုတွေ ရပ်ဆိုင်းသွားမှာ ဖြစ်ပါတယ်။

ထို့အပြင် ပြည်တွင်းမှာလူထုရဲ့ ငါးစားသုံးမှုအပေါ်မှာလည်း အကျိုးသက်ရောက်မှု ရှိလာ စေမှာ ဖြစ်ပါတယ်။ အလားတူ လက်ရှိငါးဖမ်း လိုင်စင် ရယူထားတဲ့ ငါးဖမ်းရေယာဉ်ပေါင်း (၂၂၉၆)စီးမှာ လုပ်ကိုင်နေတဲ့ ရေလုပ်သား (၄၂၀၀၀)ခန့်နဲ့ ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထားတဲ့ စက်ရုံ၊ အလုပ်ရုံ(၁၁၆) ခုမှာရှိတဲ့ လုပ်သားအင်အား (၁၂၆၆၆) ဦးနှင့် ၎င်းတို့ရဲ့ မှီခိုမိသားစုများအတွက် စားဝတ်နေရေး အခက် အခဲများလည်း ကြုံတွေ့နိုင်မှာကို တွေ့ရှိပါတယ်။

ဒါကြောင့်မို့လို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ရေပေါ် ငါးနှင့် ရေအောက်ငါးထုထည်ပမာဏ မလျော့ပါးစေရေးနှင့် ငါးသယံဇာတထိန်းသိမ်းနိုင်ရေး၊ ငါးလုပ်ငန်း များ ရေရှည်တည်တံ့ရေးအတွက်လည်းကောင်း၊ ငါးဖမ်းရေယာဉ်များကို နှစ်အကန့်အသတ်ဖြင့် ပိတ်ပင် ခြင်း မပြုရစေရန် အတွက်လည်းကောင်း မြန်မာ့ပင်လယ်ပြင် ငါးလုပ်ငန်းရေပြင်အတွင်းမှာ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ အသုံးပြုရမည့် ငါးဖမ်းကိရိယာများသတ်မှတ်ခြင်း၊ ငါးဖမ်းဆီး ခွင့်ပြုရက် သတ်မှတ်ခြင်း၊ ငါးဖမ်းပိုက်ကွက်များ သတ်မှတ်ခြင်း၊ ငါးမဖမ်းရ ရေပြင်သတ်မှတ်ခြင်း၊ ငါး မဖမ်းရရာသီ

သတ်မှတ်ခြင်း၊ ရေလုပ်သားများအား အသိပညာပေးခြင်း၊ ငါးလုပ်ငန်းများကို စစ်ဆေးကြီးကြပ်အရေးယူခြင်းများကို ဆောင်ရွက်လျက်ရှိနေပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာမှာ ငါးသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲများ ရှာဖွေတိုင်းတာမှုလုပ်ငန်းများ ဆောင်ရွက်နိုင်မှု နည်းပါးခြင်း၊ ငါးဖမ်းဆီးမွေးမြူမှုနှင့် ပြုပြင်ထုတ်လုပ်မှု သုတေသနလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်မှု မရှိခြင်း၊ ငါးလုပ်ငန်းဆိုင်ရာပညာရှင်များ နည်းပါးလာခြင်း၊ ငါးလုပ်ငန်းစစ်ဆေးကြီးကြပ်တဲ့ ဝန်ထမ်းနှင့် ဆက်သွယ်ရေးကိရိယာများ တိုးချဲ့ရန်လိုအပ်ခြင်း၊ ဌာနပိုင်သုတေသန ငါးဖမ်းရေယာဉ်နှင့် ကင်းလှည့်စစ်ဆေးသည့်ရေယာဉ်မရှိခြင်း၊ မြန်မာ့ပင်လယ်ပြင်အတွင်း အခြားနိုင်ငံများမှ ငါးခိုးရေယာဉ်များ ဝင်ရောက်ခြင်းတို့ကြောင့် ငါးလုပ်ငန်း စီမံခန့်ခွဲမှုမှာ အားနည်းချက်များ ဖြစ်ပေါ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ငါးဖမ်းရေယာဉ်များကို နှစ်အကန့်အသတ်ဖြင့် ငါးဖမ်းခွင့် လုံးဝပိတ်ပင်မည့်အစား ငါးလုပ်ငန်းစီမံခန့်ခွဲမှု အားနည်းချက်များအပေါ် ဖြည့်ဆည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ကျွန်တော်တို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေနဲ့ ရေလုပ်ငန်းရှင်များ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

**အဓိကဆေးဝါးများကို Generic Name အတိုင်းသာ တစ်ပြေးညီထုတ်လုပ်တင်သွင်း ဖြန့်ဖြူးရောင်းချစေရန် စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး က အဓိကဆေးဝါးများကို Generic Name အတိုင်းသာ တစ်ပြေးညီ ထုတ်လုပ်တင်သွင်းဖြန့်ဖြူးရောင်းချစေရန် စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ ဒီနေ့အစည်းအဝေးကို ကြွရောက်လာကြတဲ့ ဒုတိယဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့မေးမြန်းမယ့် မေးခွန်းကတော့ အဓိကဆေးဝါး Essential Drug တွေကို Generic Name အတိုင်းသာ တစ်ပြေးညီ ထုတ်လုပ်တင်သွင်းဖြန့်ဖြူး ရောင်းချရန် စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အဓိကဆေးဝါးတွေဖြစ်တဲ့ အဓိကဆေးဝါးအုပ်စုဝင် ဆေးဝါးတွေကို၊ Essential Drug တွေကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အထောက်အပံ့နဲ့ ဒါ ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်နေတာ ရှိပါတယ်။ အဲဒီတော့ အဓိကဆေးဝါးတွေထဲမှာတော့ အဓိကအားဖြင့် ကျွန်တော်တို့ ရောဂါကာကွယ်တဲ့ ဆေးတွေ၊ နောက်တစ်ခါ Antibiotic လို့ခေါ်တဲ့ ပဋိဇီဝဆေးဝါးတွေ ပါပါတယ်။ တကယ်အရေးကြီးတဲ့

ဆေးဝါးတွေဖြစ်ပါတယ်။ ဒါပေမဲ့ ပြည်တွင်းမှာ ထုတ်လုပ်နေတဲ့ဆေးဝါးတွေ၊ နောက်တစ်ခါ ပြည်ပကနေ တင်သွင်းတဲ့ ဆေးဝါးအများစုကကျတော့ ဖြန့်ဖြူးရောင်းချနေတာကိုလည်း Generic Name တစ်ခုတည်းကိုပဲ ကန့်သတ်ထားတာ မဟုတ်ဘဲနဲ့ Trade Name တွေ နာမည်တွေ အမျိုးမျိုးနဲ့ တင်သွင်းနေတာ ရှိပါတယ်။

ဥပမာလေးတင်ပြရရင်တော့ ကျွန်တော်တို့ လိမ္မော်ရည် ဖျော်ရည်တစ်ခုဟာ ဒီပုလင်းထဲကိုပဲ ထည့်တယ်၊ တံဆိပ်တစ်ခုကပ်လိုက်ရင် ဖျော်ရည်တစ်မျိုး ဖြစ်သွားပါတယ်။ နောက် ပုလင်းတစ်ခုထဲမှာ ထည့်ပြီးတော့ တံဆိပ်တစ်ခု Labal ကပ်လိုက်တဲ့အခါကျတော့ နောက်တစ်မျိုးဖြစ်သွားပါတယ်။ အဲဒီအခါကျတော့ ကျွန်တော်တို့ဒီဝယ်ယူသုံးစွဲရတဲ့ ပြည်သူတွေမှာစရိတ်တွေဟာ တဖြည်းဖြည်း တဖြည်းဖြည်းနဲ့တက်လာပါတယ်။ ဆေးဝါးနဲ့ဆိုင်တဲ့ ဥပမာကို တင်ပြရမယ်ဆိုရင် ဥပမာ Paracetamol အုပ်စုဖြစ်တဲ့ အကိုက်အခဲပျောက်ဆေးဝါးကိုပဲ နာမည် အမျိုးမျိုးနဲ့ ကြော်ငြာနေပါတယ်။ တီဗွီမှာလည်းတွေ့နိုင်ပါတယ်။ ဂျာနယ်တွေမှာလည်း တွေ့နိုင်ပါတယ်။ တစ်ခါ Bill Board ကြီးတွေထောင်ပြီးတော့လည်း ကြော်ငြာနေပါတယ်။

အဲဒီတော့ ဒီအပေါ်မှာ မကုန်သင့်မကုန်ထိုက်တဲ့ ကြော်ငြာစရိတ်တွေ တက်ပြီးတော့၊ မလိုလားအပ်တဲ့ ကုန်ကျမှုတွေများပြီးတော့ ပြည်သူတွေကတော့ ဒီဆေးဝါးတွေရဲ့ တန်ဖိုးကိုကြီးမြင့်စွာနဲ့ ဝယ်ယူသုံးစွဲနေရတာမျိုး ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီအာဆီယံ အဖွဲ့ဝင်(၁၀)နိုင်ငံမှာ တစ်နိုင်ငံအပါအဝင်ဖြစ်တဲ့ ဖိလစ်ပိုင်နိုင်ငံမှာဆိုရင် အဓိက ဆေးဝါးတွေအားလုံးကို မျိုးရင်းအမည်တစ်မျိုးနဲ့ပဲ Generic Name တစ်မျိုးတည်းနဲ့ပဲ ကျွန်တော်တို့ ပြည်တွင်းမှာလည်း ထုတ်ရပါတယ်။ ပြည်ပက တင်သွင်းရင်လည်း ဒါကိုပဲ ခွင့်ပြုပါတယ်။ ကုမ္ပဏီတွေ အမျိုးမျိုး၊ အစားစား ကမ္ဘာအနှံ့ကထုတ်တဲ့ ထုတ်ကုန် Product တွေကို Trade Name တွေ အမျိုးမျိုး အစားစားနဲ့ ဒီလိုမျိုးပြိုင်ဆိုင်မှု၊ ဈေးကွက်ပြိုင်ဆိုင်မှုကို ထိန်းချုပ်ထားပါတယ်။ အဲဒီအခါမှာ ပြည်သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှု စရိတ်စကတွေ အများကြီး သက်သာသွားတယ်ဆိုတာ စစ်တမ်းတွေလည်း ရှိပါတယ်။ ဒီလို စီမံဆောင်ရွက်နေတာဟာ၊ ဒါ ဖိလစ်ပိုင်နိုင်ငံဟာ သာဓက ဖြစ်ပါတယ်။

အဲဒီတော့ မြန်မာနိုင်ငံမှာလည်း အခုကျွန်တော်တို့ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဆေးဝါးတင်သွင်း ဖြန့်ဖြူးရောင်းချခွင့်တွေကို လိုင်စင်တွေ ထုတ်ပေးပြီးတော့ ဆောင်ရွက်နေပါတယ်။ ဒီဟာကို ကျွန်တော်တို့က အချိန်မီ မထိန်းချုပ်နိုင်တော့ဘူးဆိုရင် ခုနလိုပဲ ခုနကတင်ပြခဲ့သလိုပဲ ဆေးဝါးတွေဟာ ဆေးဝါးမျိုးရင်းတစ်ခုထဲကိုပဲ တံဆိပ်အမျိုးမျိုး၊ ကုမ္ပဏီအမျိုးမျိုး၊ ကမ္ဘာအနှံ့က ထုတ်ကုန်အမျိုးမျိုးတွေနဲ့ ဝင်ရောက်ပြီးတော့ ဈေးကွက်ဝေစုတွေကို အပြိုင်အဆိုင်ယူကြတဲ့အခါမှာ အရင်းခံဖြစ်တဲ့ ပြည်သူလူထုက ဒီအပေါ်မှာစရိတ်စက ကြီးမြင့်မှုတွေကို ခံစားနေရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို မေးမြန်းချင်တဲ့ မေးခွန်းကတော့ အဓိကဆေးဝါး Essential Drug များကို ဈေးကွက်အမည်အမျိုးမျိုး Trade Name များဖြင့် ထုတ်လုပ်တင်သွင်း ဖြန့်ဖြူးရောင်းချနေခြင်းကို ကန့်သတ်ပြီးတော့ (Generic Name) မျိုးရင်းအမည် တစ်မျိုးတည်းဖြင့်သာ ထုတ်လုပ်တင်သွင်းဖြန့်ဖြူးပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းသတ်မှတ်ခြင်း ဒါမှမဟုတ်လည်း အခြားနည်းလမ်းနဲ့ ထိန်းချုပ် ဆောင်ရွက်ခြင်းတို့ကို စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ ဆိုတာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် အများပြည်သူအကျိုးငှာ အပြုသဘောမေးမြန်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၅။**

**ဒေါက်တာသန်းအောင် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကျွန်တော့်အနေဖြင့် ကျန်းမာရေးဝန်ကြီး ဌာနသို့ မေးမြန်းထားသော တင်ပြပါ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဒေါက်တာမြတ်ဉာဏစိုး ၏ မေးခွန်းကို ပြန်လည်ရှင်းလင်းတင်ပြသွားပါမယ်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် ဆေးဝါးမှတ်ပုံတင်ခြင်းနှင့် ပတ်သက်၍ အရည်အသွေးစစ်မှန်၍ အာနိသင်ရှိပြီး ဘေးအန္တရာယ်ရှင်းသည့် ဆေးဝါးများရရှိစေရန် အဓိကထား ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိပါတယ်။ ဆေးဝါးမှတ်ပုံတင်ရာတွင် မျိုးရင်းအမည် (Generic Name) ဖြင့် လျှောက်ထားခြင်းများရှိသကဲ့သို့ အချို့ နိုင်ငံတကာကုမ္ပဏီများအနေဖြင့် ၎င်းတို့မှ စတင်တီထွင် ထုတ်လုပ်ခဲ့တဲ့ ဆေးများကို ၎င်းတို့၏ Brand များဖြင့်သာ Trade Name အမည်အသုံးပြု၍ မှတ်ပုံတင် လျှောက်ထားခြင်းများ ရှိပါတယ်။

ဆေးဝါးမှတ်ပုံတင်ခြင်းကိစ္စနှင့်ပတ်သက်၍ ၂၈-၂-၂၀၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဆေးဝါးအကြံပေးကော်မတီအစည်းအဝေး ၁/၂၀၁၃ ဆုံးဖြတ်ချက်အရ အချို့ဆေးဝါးများ၏ မှတ်ပုံတင် ရရှိထားမှုမှာ အမှတ်တံဆိပ်အမည်များများပြားနေခြင်းကြောင့် ဆေးဝါးညွှန်ကြားမှုနှင့် ဆေးဝါးကွပ်ကဲရေး တွင် မလိုလားအပ်သောအခက်အခဲများ မရှိနိုင်စေရန်အတွက် ဆေးဝါးမှတ်ပုံတင်အသစ် လျှောက်ထား ခြင်းကို လက်မခံသင့်ကြောင်း ဆွေးနွေးဆုံးဖြတ်ခဲ့ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ယခုအခါ ဆေးဝါး မှတ်ပုံတင်အသစ် လျှောက်ထားခြင်းကို လက်ခံဆောင်ရွက်ခြင်း မရှိတော့ပါ။ အဆိုပါကိစ္စကို မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်ကြီးများနှင့် လုပ်ငန်းရှင်များအသင်းသို့လည်း အကြောင်းကြားထားပြီး ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဥပမာအားဖြင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးခဲ့သော Paracetamol ဆေးမှာ Trade Name အမည်များစွာရှိနေ၍ ဆေးဝါးအသစ် မှတ်ပုံတင်ခြင်းကို ထပ်မံ၍ လက်ခံဆောင်ရွက်ခြင်း မရှိတော့ပါ။ ထိုနည်းတူ Sildenafil Tadalafil Cough Coldremedy အစရှိတဲ့ Trade Name များစွာရှိတဲ့ ဆေးဝါးများကိုလည်း၊ ဆေးဝါးမှတ်ပုံတင်အသစ်တင်ခြင်းကိုလည်း ကန့်သတ် ထားခဲ့ပြီး ဖြစ်ပါတယ်။

ဆက်လက်၍ ကန့်သတ်မှုများကို လိုအပ်သလို ထိန်းချုပ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အများပြည်သူ၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် အဓိကဆေးဝါးများ Essential Drug များကို ဆေးဝါးထုတ်လုပ်သည့် ကုမ္ပဏီများမှ ပြည်တွင်းတွင် မျိုးရင်းအမည် Generic Nameဖြင့် ထုတ်လုပ်သွားနိုင်စေရန်နှင့် တင်သွင်းသည့်ဆေးဝါးများအတွက် မျိုးရင်းအမည်ဖြင့် တင်သွင်းနိုင်စေရန်

အတွက်လည်း အားပေးစီစဥ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**သမိုင်းဝင်ရှေးဟောင်း ယဥ်ကျေးမှုအမွေ အနှစ်များထွန်းကားခဲ့သော မြောက်ဦးမြို့တွင် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းကို အဆင့်တိုးမြှင့် (Tourism Promotion) လုပ်ဆောင်ပေးရန် အစီအစဥ် ရှိ၊ မရှိ နှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အကြောင်းပြု၍ လေယာဥ်ကွင်းတစ်ခု ပြုလုပ်တည်ဆောက်ပေးရန် အစီအစဥ် ရှိ၊ မရှိ တို့နှင့် စပ်လျဥ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၈။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ သမိုင်းဝင်ရှေးဟောင်း ယဥ်ကျေးမှုအမွေအနှစ်များ ထွန်းကားခဲ့တဲ့ မြောက်ဦးမြို့မှာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အဆင့်တိုးမြှင့် (Tourism Promotion) လုပ်ဆောင်ပေးရန် အစီအစဥ် ရှိ၊ မရှိ နှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အကြောင်းပြု၍ လေယာဥ်ကွင်းတစ်ခု ပြုလုပ်တည်ဆောက် ပေးရန် အစီအစဥ် ရှိ၊ မရှိ ဖြစ်ပါတယ်။

ဒီမေးခွန်းမေးရတဲ့ အကြောင်းရင်းနဲ့ ပတ်သက်ပြီးတော့ကာ နည်းနည်းဆွေးနွေး တင်ပြပေး ပါမယ်။ ကျွန်တော်တို့ မြောက်ဦးမြို့ဟာ ရခိုင်တို့ရဲ့ သမိုင်းဝင်ရှေးဟောင်းယဥ်ကျေးမှု အမွေအနှစ်ပေါများ ထွန်းကားခဲ့တဲ့ ဒေသတစ်ခု ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရကလည်း မြောက်ဦးဒေသကို ရှေးဟောင်း သုတေသနဇုန်နယ်မြေအဖြစ် သတ်မှတ်ထားပါတယ်။ သမိုင်းဝင် ရှေးဟောင်းယဥ်ကျေးမှု အမွေအနှစ်များ ဖြစ်ကြတဲ့ ဘုရား၊ ပုထိုး၊ စေတီ၊သိမ်၊ ပိဋကတ်တိုက်၊ နန်းရာ၊ မြို့ရိုး၊ တံတိုင်း၊ ကျုံး၊ ဆည် စသည်တို့ ရှိနေ ကြပါသေးတယ်။ တချို့မှာ ထိန်းသိမ်းမှု မရှိတဲ့အတွက်ကြောင့် ပျက်စီးသွားကြပြီး ဖြစ်ပါတယ်။ သမိုင်းဝင် ရှေးဟောင်းယဥ်ကျေးမှုဆိုင်ရာ ပစ္စည်းများကို စိတ်ဝင်စားတဲ့လူတွေ လာပြီးတော့ ကြည့်နိုင်ဖို့အတွက် ရှေးဟောင်းသုတေသနပြတိုက် (Archaeological Museum) တစ်ခုကို ပြုလုပ်ပေးထားပါတယ်။

ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ ဒေသရဲ့ထူးခြားချက် အခြေအနေပေါ် မူတည်ပြီးတော့ စီးပွားရေး အလုပ်အကိုင်ရရှိဖို့ အခွင့်အလမ်းပေါ်ပေါက်လာစေဖို့အတွက် အထောက်အကူပြုတဲ့ လုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်ဖို့ အခုအချိန်အခါမှာ လိုအပ်နေပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ မြောက်ဦးဒေသအတွက်ဆိုလို့ရှိရင် နဂိုကတည်းကရှိနေတဲ့ ခရီးသွားလုပ်ငန်းကို အဆင့်တိုးမြှင့် လုပ်ဆောင် ပေးလို့ရပါတယ်။ သင့်လည်းသင့်တော်ပါတယ်။ လူအများက မီးခိုးမထွက်တဲ့ စက်ရုံလို့ တင်စားပြောဆို နေကြတဲ့ ခရီးသွားလုပ်ငန်းကို အဆင့်တိုးမြှင့်လုပ်ဆောင်ပေးခြင်းအားဖြင့် ဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင် လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်း၊ ပန်းချီ၊ ပန်းပု၊ ပန်းတဥ်း စတဲ့ ဒေသထွက် အမှတ်တရ ပစ္စည်းများအပြင် တခြားဆက်စပ် လုပ်ငန်းများအတွက်ပါ အလုပ်အကိုင် အခွင့်အလမ်းများ သိသိသာသာ ရရှိလာနိုင်မှာ ဖြစ်ပါတယ်။

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့မှာ ထုတ်ခဲ့တဲ့ Unity ဂျာနယ်ရဲ့ သတင်းတစ်ပိုဒ်မှာ ဖတ်ခဲ့ရတာတော့ အခုအချိန်မှာ နိုင်ငံခြားသား ခရီးသွားများအနေဖြင့် အဓိကအားဖြင့် မြောက်ဦးမြို့သို့

သွားလာရန် စိတ်ဝင်စားကြကြောင်း၊ ထို့ပြင် ကျောက်ဖြူနှင့် ငပလီခရီးစဉ်များကိုလည်း စိတ်ဝင်စားမှုများပြားကြကြောင်း သိရသည်။ သို့သော် နိုင်ငံခြားသွား ခရီးသွားများအနေဖြင့် ပဋိပက္ခဒေသများအားလေ့လာရန် သွားလာကြခြင်းမရှိကြကြောင်း ဟိုတယ်လုပ်ငန်းရှင်များထံမှ သိရသည်ဆိုပြီးတော့ သတင်းတစ်ပိုဒ်ဖတ်ရပါတယ်။ ဟုတ်ပါတယ်။ မြောက်ဦးမြို့ကို လာရောက်လည်ပတ်လိုကြတဲ့ နိုင်ငံခြားသားခရီးသွားများရှိတယ်ဆိုတာကို ဟိုယခင်ကလည်းသိခဲ့ပါတယ်။ အခုလည်း ဒီသတင်းအပိုဒ်အရ ထပ်မံပြီးတော့သိရှိရပါတယ်။ အစိုးရက အဆင့်တိုးမြှင့်လုပ်ဆောင်ပေးဖို့ပဲ လိုပါတယ်။ နောက်သတင်းတစ်ပိုဒ်ကတစ်ခုပါသွားတာက နိုင်ငံခြားသားတွေဟာ ပဋိပက္ခဖြစ်နေတဲ့နေရာကို သွားရောက်ပြီးတော့ ကြည့်ရှုဖို့စိတ်မဝင်စားပါဘူး ဆိုတာလည်း ဒါ မှတ်သားစရာတစ်ခု ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုကြောင့် ကမ္ဘာလှည့်ခရီးသွားများဝင်လာမစဲရှိနေကြပါတယ်။ ရန်ကုန်မြို့ရဲ့ အပြည်ပြည်ဆိုင်ရာ မင်္ဂလာဒုံလေဆိပ် ပြည်တွင်းလေကြောင်းဂိတ်မှာ ပုဂံ-ညောင်ဦး-မန္တလေး-အင်းလေးသွားမယ့် ခရီးသွားများ ကမ္ဘာလှည့်ခရီးသွားများကို ဟိုတုန်းကထက် အဆများစွာ မြင်တွေ့နေရပါတယ်။ နယ်စပ်ဂိတ်ပေါက်မှလည်း ဝင်လာကြပါတယ်။ ယခုအခါလေကြောင်းလိုင်းများမှာ ရန်ကုန်ကနေတစ်ဆင့် လာတဲ့အပြင် ဘန်ကောက်၊ ချင်းမိုင်တို့မှ ပုဂံ၊ မန္တလေးကိုလည်း တိုက်ရိုက်ပျံသန်း ပေးပို့လျက်ရှိပါတယ်။ ကျွန်တော် ဆိုလိုရင်းကတော့ ခရီးသွားလုပ်ငန်းကိုတစ်ပြည်လုံး အတိုင်းအတာနဲ့ တိုးမြှင့်ပြီးတော့ လုပ်ဆောင်ပေးနေတာကို ဆိုလိုခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ကျွန်တော်တို့ မြောက်ဦးခရီးသွားလုပ်ငန်းက ဟိုတုန်းကနဲ့ဘာမှမထူးပါဘူး။ ထူးခြားမှုလည်း မရှိသေးပါဘူး။ ထပ်ပြီးပိုလို့ဆိုးတာက ရခိုင်ဘင်္ဂလီပဋိပက္ခကို အကြောင်းပြုလို့ ရပ်တောင်မှ ရပ်တန့်သွားပါသေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ကတော့ တိုးမြှင့်လုပ်ဆောင်ပေးဖို့ကိုပဲ မျှော်လင့်နေပါတယ်။

မြန်မာနိုင်ငံကိုလာရောက်တဲ့ နိုင်ငံခြားသားခရီးသည် စုစုပေါင်းရဲ့ (၃)ရာခိုင်နှုန်းက ကျွန်တော်တို့ မြောက်ဦးဒေသကို လာရောက်ကြတယ်လို့ အကျဉ်းအားဖြင့်သိရပါတယ်။ ကမ္ဘာလှည့်ခရီးသွားများမြောက်ဦးမြို့သို့ လာရောက်မှု နည်းပါးရခြင်းရဲ့ အဓိကအကြောင်းရင်းကတော့ လမ်းပန်းဆက်သွယ်မှုမလွယ်ကူလို့ပါပဲ။ မြောက်ဦးသို့ လာရောက်လိုတဲ့ နိုင်ငံခြားသား ဧည့်သည်တစ်ဦးအတွက် ဆိုလို့ရှိရင်ကျွန်တော်တို့ ရန်ကုန်မှ စစ်တွေသို့ ပထမလာရပါတယ်။ စစ်တွေမှ တစ်ဆင့် မြောက်ဦးကို တစ်ဆင့်လာရပါတယ်။ အဲဒါမှ ရေယာဉ်တွေ၊ ဘာတွေစီးပြီးတော့လာရပါတယ်။ ခရီးစဉ်ကြန့်ကြာပါတယ်၊ အချိန်ကုန်ပါတယ်၊ နောက် ခရီးစရိတ်လည်း ပိုပြီးတော့ ကုန်ကျပါတယ်။ အဲဒီလို ရေယာဉ်ငယ်များနဲ့ သွားလာရတဲ့အတွက် အသက်အန္တရာယ်လည်း စိုးရိမ်ရပါတယ်။ လွန်ခဲ့တဲ့ (၆)နှစ်ကျော်လောက်က မြောက်ဦးသို့အလာရောက်ခါနီး (၇)မိုင်လောက် အလိုမှာ မိုးသက်လေပြင်းကြောင့် ရေယာဉ်ငယ် တိမ်းမှောက်ပြီးတော့ကာအီတလီနိုင်ငံမှ ခရီးသည်(၃)ဦး၊ ဒေသခံဧည့်လမ်းညွှန်(၁)ဦးအသက် ဆုံးရှုံးခဲ့ရပါတယ်။ ကမ္ဘာလှည့်ခရီးသွားများအတွက် ဒီအခက်အခဲကို ဖြေရှင်းနိုင်ဖို့ အဆင်အပြေဆုံး နည်းလမ်းကတော့ မြောက်ဦးမြို့မှာယခင်က ရှိခဲ့တဲ့လေယာဉ်ကွင်းကို ထပ်မံပြီးတော့ ပြင်ဆင်မယ်၊ ဒါမှမဟုတ်ရင်လည်း ကွင်းအသစ်တစ်ခုထပ်ပြီးတော့ လုပ်ပေးမယ်ဆိုလို့ရှိရင် အဲဒီလိုလုပ်ပေးပြီးတော့မှ ရန်ကုန်-မြောက်ဦး-ပုဂံ၊ ရန်ကုန်-မြောက်ဦး-ငပလီ၊ ပုဂံ-မြောက်ဦး အဲဒီလိုလေကြောင်းလိုင်းအသစ် တိုးချဲ့ဖွင့်လှစ်ပြီးတော့ ပျံသန်းပေးခြင်းအားဖြင့်စီးစဉ်ဆောင်ရွက်ပေးနိုင်ပါတယ်။ ဒေသခံလည်း အကျိုးရှိပါမယ်။ နိုင်ငံတော်အစိုးရအတွက်လည်းတိုင်းပြည်ဝင်ငွေတိုးလာမှာ ဖြစ်ပါတယ်။

မဆလခေတ်က မြောက်ဦးမှာ လေယာဉ်ကွင်း ရှိခဲ့ပါတယ်။ တပ်မတော် အစိုးရလက်ထက်မှာ လေယာဉ်ကွင်းပေါင်း (၂၉)ကွင်းထိ တိုးချဲ့ပြီးတော့ လုပ်ဆောင်ခဲ့တယ်လို့ သိရပါတယ်။ သို့သော်လည်း ကမ္ဘာ့လှည့်ခရီးသွားများ ရှိနေတဲ့ မြောက်ဦးမြို့ဟာ မပါဝင်ခဲ့ပါဘူး။ မြောက်ဦးမြို့မှာ ဘင်္ဂလီများက ဘင်္ဂလီ နေတဲ့ ရွာတွေကတော့ မြို့နဲ့ (၅)မိုင်လောက် အပေါ်အထက်မှာပဲ အကွာအဝေး နေရာမှာ ရှိကြပါတယ်။ ဒါကြောင့် ခရီးသွားများအတွက် ပဋိပက္ခအန္တရာယ်မှလည်း လွတ်ကင်းမှုရှိကြတယ်ဆိုတာလည်း ပြောကြား လိုပါတယ်။ နောက်ပြီးတော့ ပုဒ်မ ၁၄၄ အမိန့်ကိုလည်း ၂၀၁၃ အောက်တိုဘာလလောက်မှာ ပြန်ပြီးတော့ ရုပ်သိမ်းထားခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော့်အနေနဲ့ ပြည်သူများရဲ့ကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် အောက်ပါမေးခွန်းနှစ်ခုကို မေးမြန်းလိုပါတယ်။ ပထမမေးခွန်းကတော့ သမိုင်းဝင် ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ ထွန်းကားခဲ့တဲ့ မြောက်ဦးမြို့တွင် ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းကို အဆင့် တိုးမြှင့် (Tourism Promotion) လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါတယ်။ ဒုတိယ မေးခွန်းကတော့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အကြောင်းပြုပြီးတော့မှ လေယာဉ်ကွင်းတစ်ခု ပြုလုပ်တည်ဆောက် ပေးရန် အစီအစဉ် ရှိ၊ မရှိ တို့ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၈။**

**ဒေါက်တာတင်ရွှေ (ဒုတိယဝန်ကြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး ကာယသုခ၊ စိတ္တသုခ သုခနှစ်ဖြာနဲ့ ပြီးပြည့်စုံကြပါစေကြောင်း မင်္ဂလာဆုမွန်ဖြင့် ဂါရဝပြုအပ်ပါတယ်။ ယနေ့ အင်္ဂါမနေ့ဖြစ်တဲ့ အမျိုးသား လွှတ်တော်အစည်းအဝေးမှာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကြီး ဦးကျော်ကျော်ရဲ့ မေးခွန်းမေးမြန်းချက်ဟာ နိုင်ငံတော်နဲ့ ဒေသဖွံ့ဖြိုးရေးအတွက် ဦးတည်ပြီး မေးတဲ့ အတွက် လေးစားဂုဏ်ပြုပါကြောင်း ဦးစွာပဏာမ တင်ပြလိုပါတယ်။

ကျွန်တော်တို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဟာ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးဆောင်မှုနဲ့ ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်အောင် ယနေ့ဆောင်ရွက် နေတဲ့ အစိုးရအဖွဲ့ တစ်ဖွဲ့ပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ခရီးသွားလာမှုရဲ့ သမိုင်းကြောင်းကို ပြန်ကြည့်ရင် ၂၀၁၁ ခုနှစ်မှာ (၀.၈၂)မီလီယံ ရှိခဲ့ပါတယ်။ တစ်ခါ ၂၀၁၂ ခုနှစ်မှာ (၁.၀၆)မီလီယံ ရှိခဲ့ ပါတယ်။ နောက် ၂၀၁၃ ခုနှစ်၊ မကြာခင်ကာလနှစ်ရဲ့ အပိုင်းမှာ (၂.၀၄၄)မီလီယံ ဖြစ်ခဲ့ပါတယ်။

ဒါကြောင့်မို့လို့ ခရီးသွားလုပ်ငန်းနဲ့ပတ်သက်ပြီး ကမ္ဘာ့လှည့်ခရီးသည်ပေါင်းဟာ တစ်နှစ်ထက် တစ်နှစ် ပြည်ထောင်စုလွှတ်တော်ကြီး၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်တို့ရဲ့ တည်ငြိမ်စွာ ဆောင်ရွက်နေမှုကြောင့် နိုင်ငံတော်ရဲ့လုံခြုံမှု၊ တည်ငြိမ်အေးချမ်းရေးနှင့် အုပ်ချုပ်ရေးမဏ္ဍိုင် တရား

ဥပဒေကို စိုးမိုးနေတာဖြစ်တဲ့အတွက် ကမ္ဘာလှည့်ခရီးသည်တွေဟာ စိတ်ထားဖြူစင်စွာနဲ့ မြန်မာတို့ရဲ့ အပြုံး၊ မြန်မာတို့ရဲ့ ရှိပြီးတဲ့ Historical Culture Archaeological ဆိုတဲ့ (၃)ရပ်ကို မူတည်ပြီး ကမ္ဘာလှည့်ခရီးသည်တွေဟာ နေ့စဉ်နှင့်အမျှ ရန်ကုန်တိုင်းဒေသကြီးရဲ့လေဆိပ်၊ မန္တလေးတိုင်းဒေသကြီးရဲ့ လေဆိပ်တွေမှာ ဝင်ရောက်နေပါတယ်။ မကြာမကြာ ဆိုသလို ကျွန်တော်တို့ နေပြည်တော်လေဆိပ်မှာ လည်းပဲ ဝင်ရောက်လာတာကို တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ မြောက်ဦးမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ဆန္ဒဟာ မိမိ ဒေသဖွံ့ဖြိုးရေးကို ဦးတည်တဲ့အတွက် ကျွန်တော် ဂုဏ်ပြုရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီမြောက်ဦးမြို့မှာ ကျွန်တော်တို့ ရောက်ရှိတဲ့ခရီးသည် အရေအတွက်ကိုလည်း ကြည့်မယ်ဆိုရင် ၂၀၁၂ ခုနှစ်မှာ (၁၃၉)ဦး ရှိ ပါတယ်။ ဒီနှစ်မှာ ဘာဖြစ်လို့ နည်းရသလဲဆိုရင် ၂၀၁၂ ခုနှစ်ရဲ့ ဩဂုတ်လ၊ အောက်တိုဘာလတွေမှာ မတည်ငြိမ်မှုဖြစ်တဲ့အတွက် အဝင်နည်းလာခြင်း ဖြစ်ပါတယ်။

သို့သော် ၂၀၁၃ ခုနှစ်မှာ ပြန်ကြည့်လိုက်တဲ့အခါမှာတော့ (၆၄၆)ဦး ဝင်လာတာကို ကျွန်တော်တို့ စာရင်းပြုစုထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် မြောက်ဦးမြို့ကို နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်တွေဟာ ခုနက အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသလိုပဲ မြောက်ဦး Museum Part မှာ ထားရှိတဲ့ ဆင်းတုတော်၊ ရုပ်ပွားတော်များရဲ့ ရှေးဟောင်းအမွေအနှစ်တွေကို လေ့လာကြတဲ့ အကြောင်းကို ကျွန်တော်တို့ရဲ့ ရုံးခွဲကနေတင်ပြလာပါတယ်။ ဒါကြောင့်မို့လို့ ကမ္ဘာလှည့်ခရီးသည်တွေအတွက် ၂၀၁၂ ခုနှစ် မှာတော့ Package Tour လို့ခေါ်တဲ့ စုပေါင်းပြီးလာတဲ့အဖွဲ့တွေ၊ F.I.T လို့ခေါ်တဲ့ Foreign Independence Traveller လို့ခေါ်တဲ့ လွတ်လပ်စွာ သွားလာမှုတွေဟာ နည်းခဲ့ရခြင်း ဖြစ်ပါတယ်။

အခု ၂၀၁၃ ခုနှစ်ကစလို့ ၂၀၁၄ ခုနှစ်၊ အခု ဒီနှစ်မှာလည်းပဲ ကျွန်တော်တို့ဌာနအနေနဲ့ (၃)မီလီယံကို မျှော်မှန်းထားပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၂ ခုနှစ်၊ ဩဂုတ်၊ အောက်တိုဘာက လွဲပြီးတော့ အခုကျွန်တော်တို့ ၁၅-၁-၂၀၁၃ ခုနှစ်မှာ အမိန့်ကြေညာစာအမှတ်၊ ၇၇/၂၀၁၃ နဲ့ ပြည်ထဲရေးဝန်ကြီး ဌာနက ခွင့်ပြုလိုက်တဲ့အတွက် ကမ္ဘာလှည့်ခရီးသည်တွေဟာ တသွင်သွင်ရောက်ရှိလာပြီ ဖြစ်ပါတယ်။ နိုဝင်ဘာလမှာကျင်းပတဲ့ ဂျပန်နိုင်ငံမှာလည်းပဲ ခရီးသွားလုပ်ငန်းအဖွဲ့ Myanmar Tourism Federation ကနေပြီးတော့ အဖွဲ့များ စုဆောင်းပြီးတော့ သွားရောက်ပြီး ပြသတဲ့နေရာမှာလည်း မြောက်ဦးမှာရှိတဲ့ ရှစ်သောင်းပုထိုးတော်ကြီးကို ဦးတည်ပြီးတော့ ကျွန်တော်တို့ Attraction Power ယူခဲ့ပါတယ်။

အလားတူ အာဆီယံဒေသတွေမှာလည်းပဲ ပြပွဲအသီးသီးမှာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ဒေသကြီးများဖြစ်ကြတဲ့ အင်းလေး၊ ပုဂံ၊ ရခိုင်ပြည်နယ် မြောက်ဦး Beach Entertainment များဖြစ်ကြတဲ့ ချောင်းသာ၊ ငွေဆောင် အစရှိတဲ့ ဒေသတွေရဲ့ ပျော်ရွှင်မှုအရသာကို ခံစားဖို့ သမိုင်းဝင် ထွန်းကားမှုတွေကို ခံစားဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ပြပွဲတွေမှာ ဓာတ်ပုံပေါင်းများစွာနဲ့ ကျွန်တော်တို့ ဆွဲဆောင်ပြီး ပြလာ ခဲ့ပါတယ်။ ကျွန်တော်အချိန်မရလိုက်တဲ့အတွက် အခု မေးခွန်းရှင်ကို တင်ပြဖို့အတွက် ကျွန်တော်ယူဆောင် လာပါတယ်။ ကျွန်တော်တို့ Hotel Tourism ဟာ မြောက်ဦးမြို့ရဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးဖို့အတွက်ကို ကျွန်တော်တို့စာအုပ်များလည်း ထုတ်ထားပြီးဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်မေးခွန်းရှင်အား ပေးအပ် ခဲ့မှာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်ရတဲ့နေရာမှာ ကမ္ဘာလှည့်ခရီးသည်တွေ ဝင်ဖို့ ဆိုတာဟာ နိုင်ငံတော်ရဲ့ မေးခွန်းရှင်ကလည်း ပြောပြသွားပါတယ်။ တည်ငြိမ်မှု လိုပါတယ်။ အခုလို

လွှတ်တော်ကြီးတွေကနေ စုစုစည်းစည်းနဲ့ တည်ငြိမ်အောင် နိုင်ငံအတွက် အကျိုးပြုဆောင်ရွက်နေတဲ့ အတွက် နိုင်ငံတော်ရဲ့ မျက်နှာပန်းဟာ အသီးအပွင့်အဖြာဖြာနဲ့ ဝေဆာတဲ့အတွက် နိုင်ငံခြားသားတွေ ဝင်ရောက်လာတယ်ဆိုတာ မည်သူမျှ ငြင်းနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ငြိမ်းချမ်းရေး၊ အေးချမ်းမှုကိုရှေးရှုပြီး ကမ္ဘာလှည့်ခရီးသည်တွေဟာ မြောက်မြားစွာဝင်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြောက်ဦးမြို့ရဲ့ ခရီးသွားလုပ်ငန်းမြှင့်တင်မှု အစီအစဉ်အား ကျွန်တော်တို့ ယနေ့လည်း ဆောင်ရွက်နေပါတယ်၊ ပြီးခဲ့တဲ့အချိန်ကလည်းဆောင်ရွက်နေပါတယ်၊ ရှေ့ဆက်ပြီးတော့လည်း ဆောင်ရွက် နေပါမယ်ဆိုတဲ့အကြောင်းကို ပထမပိုင်းမေးခွန်းအနေနဲ့ ဖြေကြားအပ်ပါတယ်။

နောက် ဒုတိယမေးခွန်းဖြစ်တဲ့ မြောက်ဦးမြို့ ဖွံ့ဖြိုးရေးအတွက် ခရီးသွားလာမှု ဖွံ့ဖြိုးတိုးတက် စေရန်အတွက် လေယာဉ်ကွင်း တည်ဆောက်မှုကိုလည်း ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာနနဲ့ ဆက်သွယ်ညှိနှိုင်းပြီးတော့ မေးမြန်းစူးစမ်းခဲ့ပါတယ်။ အဲဒီအခါမှာ မြောက်ဦးမြို့ရဲ့ လေယာဉ်ကွင်းဟာ အသုံးမပြုတာ ကြာလာပြီဖြစ်တဲ့ မြေသားလမ်းဟာ ပျက်စီးနေတယ်လို့ သိရှိရပါတယ်။ မြေလမ်း ပြေးလမ်း အနေနဲ့ တွက်မယ်ဆိုရင်လည်း (၂၄၀၀)ပေ ရှိပါတယ်။

အကျယ်အားဖြင့်တော့ (၁၀၀)၊ (၁၁၀) ပေ ရှိတယ်ဆိုတာ သိရှိရပါတယ်။ ဦးတည်တဲ့အရပ် ကတော့ ဂ၁၀ ဒီဂရီ/ ၁၉၀ ရှိတယ်ဆိုတာ သိရပါတယ်။ ဒီဦးတည်အရပ်ကတော့ ပိုပြီး သိစေလိုတဲ့အတွက် ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး လေကြောင်းနဲ့ပတ်သက်လို့ အစဉ်မေးမြန်း စူးစမ်းနေတာ ကျွန်တော်တို့ အစဉ်ဖတ်ရှုနေရပါတယ်။

ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးညွန့်တင် အနေနဲ့ တွေ့ဆုံတဲ့ အခါမှာ ဦးကျော်ကျော် အနေနဲ့ ဦးတည်ချက်ရဲ့ အကြောင်းကိုလည်း မေးမြန်းနိုင်ပါတယ်။ ဒါကြောင့် ပို့ဆောင်ရေးဝန်ကြီးဌာန အနေနဲ့တော့ ကျွန်တော်တို့ ယခု ဘတ်ဂျက်အတွင်းမှာ မြေသားပြုပြင်မှု ပတ်ဝန်းကျင် ထိန်းသိမ်းစိစစ်ဆေးရေးနဲ့ မြေသားထိန်းသိမ်းမှုဆိုင်ရာ မြေတိုင်းထွာချက်များကို ကျွန်တော် တို့တွက်ချက်ပြီး လုပ်ဆောင်မယ် ဆိုတဲ့အကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနက တင်ပြလာပါတယ်။ ဒါကြောင့်မို့လို့ ယခုနှစ်မှာ တွက်ချက်ပြီးတဲ့အခါမှာတော့ နိုင်ငံတော်သို့ တင်ပြပြီး နိုင်ငံတော်ရဲ့ ခွင့်ပြု ရန်ပုံငွေနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးကျော်ကျော် ရဲ့ ဆန္ဒအတိုင်း ဖြည့်ဆည်း ဆောင်ရွက်နိုင်အောင် ဆက်လက်ပြီး ဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်း တင်ပြအပ်ပါတယ်။

ဒါကြောင့် လေးစားစွာဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ခရီးသွားလုပ်ငန်း ဟာ၊ ဖွံ့ဖြိုးမှုဟာ တိုင်းနိုင်ငံပြည်ရွာရဲ့ လုံခြုံရေးအပေါ်မှာ မူတည်ပါတယ်။ ဒါကြောင့် ယနေ့ ဆောင်ရွက် နေကြတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အနေဖြင့်လည်း မိမိတို့ရဲ့ ဒေသဖွံ့ဖြိုးရေးအတွက် ကိုခုနတင်ပြသွားတဲ့ (Human Resources Development) လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် မိမိတို့ ဌာနမှာလည်းပဲ မိမိတို့မြို့နယ်မှာ ယခုကျွန်တော်တို့ မနေ့ကပဲ Noway Foundation တစ်ခုကနေ လာရောက်ပြီးတော့ ဆွေးနွေးပါတယ်။ လာရောက်ပြီး ဆွေးနွေးတဲ့အခါမှာ ပြည်ထောင်စုဝန်ကြီးဦးဆောင်ပြီး ကျွန်တော်တို့ ကျိုင်းတုံ၊ လွိုင်ကော်၊ လွိုင်ကော်ဆို ကယားပြည်နယ်၊ နောက်တစ်ခါ မြောက်ဦး၊ နောက် ဧရာဝတီတိုင်းမှာ ချောင်းသာကြီး၊ အစရှိတဲ့ ချောင်းသာတို့မှာ အားလုံး ကြီးပွားတိုးတက်စေချင်တဲ့ ဆန္ဒရှိပါတယ်။ ဒါကြောင့် Noway Foundation ကနေ အခုလက်ရှိမှာတော့ အင်းလေးမှာ သင်တန်းတစ်ခု၊ သူတို့စရိတ်နဲ့ သူတို့အကုန်အကျခံပြီး ဖွင့်ပေးနေပြီ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးက မြောက်ဦး၊ လွိုင်ကော်၊ ချောင်းသာ အစရှိတာတွေကို တင်ပြလိုက်တဲ့ အခါမှာ Noway Foundation က အတော်ကို သဘောကျသွား ပါတယ်။ ကျွန်တော်တို့ ဒီ ဌာနတွေမှာ ဆောင်ရွက်ပေးပါမယ်လို့လည်း ကတိပြုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဖေဖော်ဝါရီလထဲမှာ ကျင်းပမယ့် Tourism Sector Working Group မှာ ဒီ အဖွဲ့က လာရောက်ပြီး အစည်းအဝေးမှာ ဆွေးနွေးမှာဖြစ်ပါတယ်။ မကြာခင်ကလည်းပဲ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ သိရှိကြတဲ့အတိုင်း Myanmar Development Cooperation Forum ကို ပြည်ထောင်စုအစိုးရအဖွဲ့ကနေ ဦးဆောင်ပြီးတော့ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ဖို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် Human Resources Development အတွက်ကို ယခု မြောက်ဦးမှာ လာဖွင့်ခဲ့မယ်ဆိုရင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အပါအဝင် တာဝန်ရှိတဲ့ လွှတ်တော် ကိုယ်စားလှယ်ကြီးများကလည်း တက္ကသိုလ်ဝင်တန်းအောင်တဲ့အဆင့်၊ မအောင်သေးတဲ့အဆင့်၊ ဘွဲ့ရပြီးတဲ့ အဆင့် ဒီလိုကျောင်းသူ/ကျောင်းသားများတွေကိုလည်းပဲ ဟိုအားလုံး မဆိုလိုပါဘူး။ စုရုံးပြီးတော့ ဒီလို သင်တန်းတွေမှာ တက်မယ်ဆိုရင် ကိုယ့်ဒေသရဲ့ Human Resources Development ဆိုတဲ့ အတိုင်းပဲ၊ ကိုယ့်ဒေသရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးလာရင် လုပ်နိုင်ကိုင်နိုင်မယ်၊ အလုပ် Employment တွေ ရကြမယ်။ ဝင်ငွေတွေတိုးလာရင် ကျွန်တော်တို့ GDP ရဲ့ နှုန်းကလည်း တက်လာမှာ ဖြစ်ပါတယ်။

ဒါကြောင့်ဒီလိုသင်တန်းတွေဖွင့်တဲ့အခါမှာ ကျွန်တော်တို့ဟိုတယ်နဲ့ခရီးကတော့ လိုက်ဖွင့်တယ်။ ဒါပေမဲ့ စရိတ်စက အလွန်ကြီးပါတယ်။ ဒီလို Brand တွေ ရလိုက်တဲ့အတွက်၊ Aid တွေ ရလိုက်တဲ့အတွက် ဒါတွေဟာ ကျွန်တော်တို့ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ဦးတည်နေတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ကြတဲ့အတွက် ဒီလိုသင်တန်း မျိုးတွေဖွင့်တဲ့ အခါမှာလည်း ကျွန်တော်တို့သတိချပ်စွာဖြင့် ဒီလို ကျောင်းသူ/ကျောင်းသားတွေ၊ ဘွဲ့ရပြီးတဲ့ လူတွေ၊ လုပ်ချင်ကိုင်ချင်တဲ့သူတွေကို တွန်းပို့ပေးပါ။ ဒါမှလည်း သူ့ဒေသနဲ့သူအောင်မြင်ပါမယ်။ သို့သော် တစ်ချို့ဒေသတွေမှာ သင်တန်းဖွင့်ပေမယ့် သင်တန်းကို မတက်တဲ့သူကများပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ လေးလေးစားစားနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး လည်း ကျေနပ်မှာပါ၊ ဒီမေးခွန်းရဲ့ အဖြေဟာ၊ ဒါ မကြာမီလည်း ပေါ်ထွန်းမယ်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင်လည်းပဲ ကြိုးစားပေးကြဖို့ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တင်ပြတိုက်တွန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းကို ၂၉-၇-၂၀၁၃ ရက်နေ့တွင် သမ္မတရုံး ဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းပြီး ၂၈-၈-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြ လက်မှတ်ရေးထိုးပြီး ၃-၂-၂၀၁၄ ရက်(တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၂။**

**ဒေါက်တာသန်းအောင် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ကျွန်တော်ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ အမျိုးသား ဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဒေါက်တာဌေးနိုင်၊ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဤလွှတ်တော်က ဆွေးနွေးစဉ်းစားရန် တင်ပြတဲ့ အဆိုကို ကျွန်တော် ဒေါက်တာဌေးနိုင်၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)မှ ထောက်ခံပါတယ်။

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးစဉ်းစားရန် သင့် မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် သင့် မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားမည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၁၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၃-၂-၂၀၁၄ ရက်(တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် အဋ္ဌမနေ့အစည်းအဝေးရပ်နားကြောင်းနှင့် နဝမနေ့အစည်းအဝေး ဆက်လက် ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပမည့် နေ့ရက်နဲ့အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည် ထွက်ခွာ ပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး အဌမနေ့ကို ၁၁း၁၅ နာရီ အချိန်တွင် ရပ်နားပါသည်။]